# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၃) ရက်၊ တနင်္လာနေ့ ၊ (14-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၆)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူဦးရေ ၈၀၀၀၀ ခန့်လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားမှုများပြား



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ရုံးပိတ်ရက်တွင်လည်း နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **စာမျက်နှာ ၁၇ ကော်လံ ၄** ☞




ရတနာပုံ

၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်

အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်ကို တွေ့ရသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသော ဖွဲ၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်း စသည့်ကုန်ကြမ်းများသည်လည်း တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**“မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံးကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ အထွက်နှုန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များပြည့်မီအောင်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများကောင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေ လုံလောက်စွာရရှိနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊”** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိမြို့ဖများကို အစိုးရအဖွဲ့ရုံး ဧည့်ခံရိပ်သာ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြစ်ချောင်းများပေါများသဖြင့် ရေအရင်းအမြစ်များစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမြေဧရိယာများ လုံလောက်စွာရှိသဖြင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့်သီးနှံများကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကို စနစ်တကျအောင်မြင်အောင်ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် ပို့မိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



မန္တလေး ဩဂုတ် ၁၃

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော် တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၈၁၇၈၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံဒေသက ဘုရားဖူးတွေ အများအပြားလာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ရာသီဥတုအခြေအနေပေါ်ကြည့်ပြီး လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုသာယာရင်တော့ တက်ရောက်ဖူးမြော်သူတွေ များပြားတာကိုတွေ့ရတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ရှုကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်” ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၉၅၄ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၇၇၃၈၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၄၅၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ မြစ်ကြီးနား၊ တာချီလိတ်နှင့် အခြားမြို့များသို့ လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိ

မန္တလေး ဩဂုတ် ၁၃

မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ဖြင့် မန္တလေးမြို့မှ မြစ်ကြီးနား၊ တာချီလိတ်နှင့် အခြားမြို့များသို့ လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း(မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ ခရီးသည်တင်ဆောင်ပြေးဆွဲရာတွင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဩဂုတ်လ ဒုတိယပတ်မှစ၍ များလာကြောင်း သိရသည်။

“MNA လေကြောင်းလိုင်းအနေနဲ့ မန္တလေးမြို့ကနေ အခြားမြို့တွေကို ပျံသန်းပြေးဆွဲတဲ့အခါ အရင်က လိုက်ပါစီးနင်းတဲ့ ခရီးသည် တော်တော်လေးနည်းတယ်။ အခု မန္တလေးကနေ အခြားမြို့တွေကို အလုပ်ကိစ္စတွေအပြင် အလည်အပတ်သွားတဲ့ ခရီးသည်တွေ MNA လေကြောင်းလိုင်းနဲ့လိုက်ပါစီးနင်းမှု များလာပါတယ်”ဟု ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဩဂုတ်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာ ရှိခဲ့သော်လည်း ဩဂုတ်လဒုတိယပတ်မှစ၍ မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့် မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

MNA လေကြောင်းလိုင်းအနေဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပူတာအို စသည့်မြို့များသို့ လူ ၁၆၄ ဦးဆံ့ Boeing-737 လေယာဉ် အမျိုးအစား လေးစင်း၊ လူဦးရေ ၁၀၀ ဆံ့ Embraer လေယာဉ်အမျိုးအစား နှစ်စင်း၊ လူဦးရေ ၇၀ ဆံ့ ATR လေယာဉ်အမျိုးအစား ကိုးစင်းတို့ဖြင့် ခရီးစဉ်များကို ဖြန့်ကြက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိလာ

မန္တလေး ဩဂုတ် ၁၃

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာပြီး ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

“ရေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုတစ်လော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေ မှာယူမှုကတော့ အနည်းငယ်လောက်ပဲ ရှိပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လ ပထမပတ်က ပဲပုပ်(ဗမာ) အရောင်းအဝယ်အေးသဖြင့် ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ ပဲပုပ်(ဗမာ)များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ယနေ့ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း) အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယနေ့ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လယ်ဝေးမြို့နယ် ရွှေဟသ်ာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်သာကျေးရွာအုပ်စု ရွှေဟသ်ာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ရွှေဟသ်ာကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၈၃ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေဟသ်ာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရိုးသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဇော်ကိုင်းမြို့ ပိုးတန်းရပ်နေ ဦးစင်အောင်-ဒေါ်မြကြည် သားသမီးမြေးမိသားစုက ဦးကံထွန်း-ဒေါ်သိန်း၊ ကိုသော်ထွန်းတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၂၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ ခင်ဦးမြို့နယ်မှာ ဆီထွက်သီးနှံစိုက်ပျိုးမှုက ရာသီဥတုကောင်းမွန်တဲ့အတွက်ကြောင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဆီထွက်သီးနှံ ဧက ၄၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ လက်ရှိ ဧက ၄၈၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၄၇၄၄၂ ဧက၊ နေကြာ ၇၈၁ ဧက စုစုပေါင်း ၄၈၂၂၃ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၄၀၂၄၄ ဧက၊ နေကြာ ဧက ၇၉၀ စုစုပေါင်း ၄၁၀၃၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံစိုက်မည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ ၅၀၈၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ၄၇၂၄၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကဝမြို့နယ် အထုံကျေးရွာ၌ ၄၀၀ ပို့ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ကဝ ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အထုံကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ အထုံကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းပေ ၅၂၈၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

အထုံကျေးရွာ၌ ၄၀၀ ပို့ ဓာတ်အားလိုင်းပေ ၅၂၈၀ သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၈၅၈ သန်း စုစုပေါင်း ၂၆ ဒသမ ၈၅၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာပြီဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်ထံမှ သိရသည်။

**သန္တာ**

# လေးမျက်နှာမြို့နယ် အောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေး

**လေးမျက်နှာ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မိုးကုတ်ကျေးရွာအုပ်စု အောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းမှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်ငွေကြေးတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ အောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ပဥ္စမအကြိမ် စီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉၀၅၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောက်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၃၀ ကို ငွေကျပ် ၃၈၂၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၈၅၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၀၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇလင်း**



# စားကောင်းကိုင်လျှင် သွေး၊ မြင်းကောင်းကိုင်လျှင် ကျွေး

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ကျွန်တော်တို့ငယ်ငယ်တုန်းက မိုက်သူတို့နဲ့မပေါင်းသင်းနဲ့။ မိတ်ကောင်းဆွေကောင်းကို ရွေးပြီးပေါင်း၊ ရှာပြီးပေါင်းဆိုတာကို အရင်းခံအတိုင်း တည့်တည့်ပဲ သိခဲ့တာပါ။ ကောင်းတာတွေပြုပါ၊ မကောင်းတာတွေကို ရှောင်ကြဉ်ပါ၊ ဝေးဝေးကရှောင်ကွင်းပါ ပြောဆိုဆုံးမတာကိုလည်း ရိုးရိုးဖြောင့်ဖြောင့် ဆိုလိုရင်းလောက်သာ နားလည်ခဲ့တာပေါ့။

ပေါင်းရမယ့်လူ၊ မပေါင်းသင်းရမယ့်သူ၊

ရှောင်ကြဉ်ရမဲ့အရာ၊ ယှဉ်တွဲရမယ့်အရာတွေအားလုံးက မိမိရဲ့ပြင်ပမှာ ရှိနေကြတဲ့လူတွေ၊ အရာတွေလို့သာ ပုံသေမှတ်ယူသဘောပေါက်ခဲ့တယ်နော်။ ကျွန်တော်ကပဲ အူတာ၊ အတာ၊ ရိုးလွန်းခဲ့တာဖြစ်ချင်ဖြစ်မှာပါ။ ဆက်မတွေးတတ်ဘူး။ ချဲ့ပြီးမစဉ်းစားမိဘူး။ အမြင်ကျယ်ကျယ်ဖြန့်ပြီး အဓိပ္ပာယ်မကောက်ယူတတ်ခဲ့မိပါဘူး။ တဖြည်းဖြည်း အသက်ကလေးရလာမှ ရှေ့တစ်ကွက်၊ နောက်တစ်ကွက် စဉ်းစားတွေးခေါ်ကြံတင်မြော်မြင်ရတယ်။ တစ်ကွက်ကျော်၊ နှစ်ကွက်ကျော်သာမက ဘယ်နေရာကို ဘယ်လိုသွားရင် ဘယ်လမ်းရောက်မှာလဲဆိုတာထိ သုံးသပ်နိုင်လာအောင် စစ်သည်တော်ဘဝမှာ စစ်ကျောင်းကြီးတွေကသင်ကြားပြသ **"စစ်ရေးသုံးသပ်ချက်"**ကို လက်ညောင်းအောင် မအိပ်မနေရေးပြီး လေ့ကျင့်ခဲ့ရမှ လက်တွေ့သိမြင်ခဲ့ရပါတော့တယ်။

**ဆိုရိုးစကား**

**စားကောင်းကိုင်ရင် သွေးရ၊ သရတယ်တဲ့။**

**မြင်းကောင်းကိုင်ရင် ကောင်းကောင်းကျွေးရမယ်တဲ့။**

ဟုတ်တာပေါ့။ ကိုယ်ကိုင်တဲ့ဓားကို ထက်နေအောင် သွေးထားမှ ထက်မြက်တဲ့လက်နက် ဖြစ်ပေမှာပေါ့။ သံချေးတက်နေရင် ရန်သူနဲ့ယှဉ်ရတဲ့အခါ နိုင်နိုင်ပါ့မလား။ ကိုယ်စီးတဲ့မြင်းက ကျန်းမာကြံ့ခိုင်ပြီး သက်လုံကောင်းမှ အလျင်အမြန်၊ အရှိန်အဟုန်၊ အတက်အဆုတ် စစ်ကစားရာမှာ ရန်သူထက်သာလွန်တဲ့ အခွင့်အလမ်းရှိပြီး နိုင်အောင်တိုက်နိုင်မယ်လေ။

ဓားဟာ မိမိနဲ့အစိတ်အပိုင်းတစ်ခုဆိုတာ သဘောပေါက်ရတယ်။ ပစ္စတိုပဲဖြစ်ဖြစ်၊ ကာဘိုင်ပဲဖြစ်ဖြစ် သံချေးမတက်အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ ဂရုတစိုက် တိုက်ချွတ်ရပါတယ်။ လက်နက်ကို ကောင်းအောင် စိတ်ဝင်တစားစောင့်ရှောက်လို့ တိုက်ပွဲတွေနိုင်ခဲ့တယ်။ သူသေကိုယ်သေယှဉ်ပြိုင်ကြရာမှာ ကိုယ်မသေဘဲ အခုထိ အသက်ရှင်နေနိုင်တာပေါ့။

ရှေးကတော့ မြင်းက ကားလို မြန်မြန်ခရီးနှင်နိုင်တယ်။ ဆင်က သံချပ်ကာလို ပြေးလည်းပြေးနိုင်တယ်။ မြားတွေ၊ လှံတွေ၊ ဆင်ပေါ်မှာ တင်သွားနိုင်လို့ စီးချင်းဖြစ်စေ၊ ဆင်တပ်ချင်းဖြစ်စေ၊ ရန်သူနဲ့တိုက်ပွဲဆင်တဲ့အခါ ပစ်အားကောင်းတယ်လေ။ စစ်တိုက်တယ်ဆိုတာ တစ်ဦးချင်း လက်ဝှေ့ထိုးသတ်တာပဲဖြစ်ဖြစ်၊ တင့်ကားတပ်၊ သံချပ်ကာတပ်၊ တပ်တော်ချင်းတိုက်ခိုက်ကြတာပဲဖြစ်ဖြစ် လှုပ်ရှားစစ်ကစားနိုင်တဲ့ လျင်မြန်မှုအနေအထား ရွေ့လျားမှုနဲ့ ပစ်အားတိုက်အားသာလွန်တဲ့ဘက်က နိုင်စမြဲပါပဲ။

**စစ်ပညာ**

တစ်ဦးချင်းနဲ့ တပ်စိတ်ဆိုရင် **ပစ်ခတ်မှုနဲ့ရွေ့လျားမှု၊**

တပ်ရင်း၊ တပ်မဟာ၊ တပ်မဆိုရင် **ပစ်အားနဲ့ စစ်ကစားနိုင်စွမ်း။**

Fire Power and Maneuver ပစ်အားနဲ့လှုပ်ရှားစစ်ကစားတာဟာ စစ်ပညာရဲ့ စစ်နည်းဗျူဟာအားလုံးအတွက် အခြေခံ ကကြီး ခခွေးပါပဲ။ လက်နက်ကိုင်အဖွဲ့တွေရဲ့ လုပ်ဆောင်ပုံတချို့ တွေ့ရမြင်ရတဲ့အခါ ပစ်ခတ်မှုနဲ့ ရွေ့လျားမှုကိုတောင် ဟန်ချက်ညီအောင် လုပ်ဆောင်တတ်ပုံမရပါဘူး။ ဝလုံးတောင်ဝိုင်းအောင်မရေးတတ်သေးဘဲ သဝေထိုးနေတာ မြင်ရတယ်လေ။ ရှိစေတော့။

ဘယ်သူဘယ်ဝါမဆို မသိသေးခင် လွဲနေကြတာပဲ။

ဘယ်သူ့ကိုမှ အပြစ်မဆိုပါဘူး။

မိမိကိုယ်တိုင်က အသက် ၃၀ ကျော်လာမှ သူတစ်ပါးချွတ်ယွင်းချက်၊ အားနည်းချက်ကို မြင်မိရင် မိမိကိုယ်ကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ ချွတ်ယွင်းချက်မရှိအောင် မိမိက ပထမပြုပြင်ပြောင်းလဲရမယ်ဆိုတာ သိမြင်လာပါတယ်။ မိမိနာမည်ကောင်းချင်ရင် ကိုယ့်တပ်စု၊ ကိုယ့်တပ်ခွဲကောင်းအောင် တည်ဆောက်ရတာကိုး။ ကိုယ့်ရဲဘော်၊ ကိုယ့်အကြပ်တွေ တော်အောင်၊ ကောင်းအောင် လေ့ကျင့်ပျိုးထောင် အုပ်ချုပ်ရတာလည်း ကိုယ်က စံနမူနာပြခေါင်းဆောင်မှုရှိမှ အမိန့်ပေးလို့ရတာမဟုတ်လား။

❖ **ကျွန်တော်တို့အားလုံးဟာ အခုလက်ရှိအခြေအနေ အဆင့်အတန်းနဲ့တင် လုံးချာလိုက်မနေဘဲ ဒီထက်ပိုမြင့်တဲ့ လူနေမှုဘဝ၊ လူ့အရည်အချင်း၊ လူ့စွမ်းအင်၊ လူ့အရင်းအမြစ် အရည်အသွေးတောက်ပပြောင်လက်အောင် ဓားသွေးသလိုသွေးကြရမယ်။ သတတ်ကြရမယ်။ ရှေးရှေးခေတ်က ဓားကောင်း၊ မြင်းကောင်း ကိုင်ခဲ့ကြ၊ စီးခဲ့ကြတဲ့ ရှေးမြန်မာတွေ ဘုန်းတန်ခိုးရှိခဲ့ကြတာမျိုး မိမိတို့ခေတ်မှာမှ နိမ့်ကျနေရင် မြှင့်တင်ကြဖို့ရာ စိတ်ဝင်တစား အားထုတ်ကြိုးစားကြရမယ်မဟုတ်ပါလား။** ❖

ပခုံးပေါ်မှာ ရာထူးအပွင့် ဘယ်လောက်ပဲ တပ်ထားထား ရှိသေလောက်စရာ ကိုယ်ကျင့်တရား၊ လေးစားလောက်စရာ စွမ်းရည်သတ္တိ၊ တိုက်ရည်ခိုက်ရည်မရှိဘူးဆိုရင် သြဇာမညောင်းဘူး။ ဦးကနင်းရင် ပွဲကထောင်ပြီး မိမိဖြစ်ချင်တာ ဖြစ်မလာနိုင်ဘူး။ ခေါင်းဆောင်မှုဆိုတာ လက်အောက်က ချစ်ကြောက်ရိုသေမှရနိုင်တာ။ ရာထူးဆိုတာက အထက်က ယုံကြည်စိတ်ချလို့ လွှဲအပ်တဲ့တာဝန်ကို ယူရတာ။

အချို့လူပြိန်းတွေထင်သလို အထက်ဖားအောက်ဖိနဲ့ ရာထူးတာဝန်တွေ မြင့်လာခဲ့တာမဟုတ်ဘူး။ ခေါင်းဆောင်မှုကို ကောင်းသည်ထက်ကောင်းအောင် မိမိကိုယ်ကို နေ့စဉ် မှန်ကြည့်သလို သုံးသပ်စစ်ဆေးပြီး ပြုပြင်ထိန်းကျောင်းနေကြရတာဖြစ်တယ်။ အရည်အသွေးရှိမှ။

**စွမ်းရည်**

ပြောလိုတဲ့ကွင်းဆက်က အခုမှချိတ်ဆက်ပြမှာပါ။ ရှေးခေတ်ကတော့ မြန်မာ့တပ်မတော်ဟာ အိမ်နီးချင်းနိုင်ငံတွေထက် စစ်သည်တော်စွမ်းရည်သာမက ဆင်တပ်၊ မြင်းတပ်၊ လှေတပ်၊ ရေတပ်တွေပါ သာလွန်အင်အားကောင်းမွန်ခဲ့လို့ ရာဇဝင်သမိုင်းမှာ မြန်မာဆိုတာ လူဦးရေမများလှပေမယ့် အထိုက်အလျောက်ကျယ်ဝန်းတဲ့ နိုင်ငံတော်နယ်မြေကို တစ်ထီးတစ်နန်းလက်ဆင့်ကမ်း တည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ (လူငယ်တွေ မြန်မာ့သမိုင်းကို အခုထက် ပိုမိုစိတ်ဝင်စားကြပြီး နားလည်သဘောပေါက်ကြစေချင်ပါတယ်) ရှာဖွေဖတ်ရှုဆည်းပူးလေ့လာမှသိမှာပေါ့။

တိုက်ရည်ခိုက်ရည်ရှိခဲ့လို့သာ မြောက်ဘက်က ရန်သူတွေ အကြိမ်ကြိမ်ဝင်ရောက်လာပြီး တကောင်းခေတ်၊ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်တို့မှာ ကျူးကျော်တာကို တိုက်ခိုက်တွန်းလှန်မောင်းထုတ်ပစ်နိုင်ခဲ့တာပဲလေ။ အရှေ့ဘက်က ရန်သူတွေ ကျူးကျော်ရန်စလာရင် တိုက်ခိုက်မယ်၊ ရှင်းပစ်လိုက်တာချည်းပဲ။ ရာဇဝင်မှာ စစ်ပွဲတွေ ယိုးဒယားနဲ့ ဂျွမ်း(ခမာ) ရှစ်ကြိမ်မက ရင်ဆိုင်ခဲ့ကြဖူးတယ်။ ခုနစ်ကြိမ်အနိုင်ရခဲ့တယ်။ တစ်ကြိမ်ရှုံးလို့ အယုဒ္ဓယကို ဝန်းရံထားရာမှ အိမ်ရှေ့ဥပရာဇာ ကျဆုံးခဲ့တာမို့ တပ်တော်ပြန်ဆုတ်ခွာခဲ့ရပါတယ်။ စီးချင်းထိုးကြတုန်း ချောင်းပစ်ခံခဲ့ရ။

**အစဉ်အလာ**

ဓား၊ လှံ၊ လက်နက်ကောင်းခဲ့ကြတာ အစဉ်အလာ။

ရှေးက ဆင်တပ်၊ မြင်းတပ်တွေနဲ့ တိုက်စွမ်းရည်မြင့်မားခဲ့တာ ရာဇဝင်မှာအထင်အရှား။ သူ့ခေတ်သူ့အခါပေါ့။ (သမိုင်းစဉ်အချိန်ကာလ ရွေ့လျားပြောင်းလဲမှုကို မီးမောင်းထိုးပြလိုရင်းမဟုတ်ဘဲ) လက်နက်၊ လူသူ၊ ဆင်တွေ၊ မြင်းတွေ၊ မိမိကိုယ်ရဲ့အင်အားကို အတောင့်တင်းဆုံး၊ အသန်မာဆုံးဖြစ်အောင် ကျွမ်းကျင်နားလည်စွာ ကြံ့ခိုင်ရေးလုပ်တတ်ခဲ့ကြတယ်။ ဒါက ကိုယ့်ရဲ့ပြင်ပ။

**မိမိကိုယ်တွင်းမှာ ကိုယ်တိုင်စွမ်းရည်အရည်အသွေးမြင့်မားအောင် မြှင့်တင်ပျိုးထောင်တတ်ကြဖို့ရာအချက်ကလည်း အတော်အရေးကြီးပေတာပဲလို့ ဒီနေရာမှာ မီးမောင်းထိုးပြ သတိပေးပါရစေ။ ဒီအချက်က လိုရင်းအနှစ်သာရပါပဲ။**

**သွေးကြ**

ကျွန်တော်တို့အားလုံးဟာ အခုလက်ရှိအခြေအနေ အဆင့်အတန်းနဲ့တင် လုံးချာလိုက်မနေဘဲ ဒီထက်ပိုမြင့်တဲ့ လူနေမှုဘဝ၊ လူ့အရည်အချင်း၊ လူ့စွမ်းအင်၊ လူ့အရင်းအမြစ် အရည်အသွေးတောက်ပပြောင်လက်အောင် ဓားသွေးသလို သွေးကြရမယ်။ သ တတ်ကြရမယ်။ ရှေးရှေးခေတ်က ဓားကောင်း၊ မြင်းကောင်း ကိုင်ခဲ့ကြ၊ စီးခဲ့ကြတဲ့ ရှေးမြန်မာတွေ ဘုန်းတန်ခိုးရှိခဲ့ကြတာမျိုး မိမိတို့ခေတ်မှာမှ နိမ့်ကျနေရင် မြှင့်တင်ကြဖို့ရာ စိတ်ဝင်တစား အားထုတ်ကြိုးစားကြရမယ်မဟုတ်ပါလား။

ကိုယ့်ရဲ့ပြင်ပ၊ ယာဉ်တွေ၊ ရထားတွေ၊ လက်နက်တွေ၊ ကိရိယာတွေ၊ စက်ယန္တရားတွေ ပိုမိုခေတ်မီအောင်၊ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်အောင် အတတ်ပညာ၊ နည်းပညာတွေ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြဖို့ မောင်တို့မယ်တို့ စိတ်အားထက်သန်ကြစေချင်တယ်။

တတ်ချင်ရင် သင်ယူရပေမယ်။

အတတ်ပညာ၊ နည်းပညာကို တတ်မြောက်ကျွမ်းကျင်အောင် သင်ယူရာမှာ တရုတ်၊ ကုလား၊ ထိုင်း၊ ဘင်္ဂလားလူမျိုး ပတ်ဝန်းကျင်လူငယ်အချင်းချင်းထက် အောက်ကျနောက်ကျမဖြစ်စေရအောင် ကြိုးစားမယ်ကွဆိုတဲ့ **ဇာတိမာန်ရှိကြပါ။** မောင်တို့မယ်တို့ ညံ့ဖျင်းရင် မင်းတို့ခေတ်မှာ လူစဉ်မမီလောက်အောင် ဖိနှိပ်အနိုင်ကျင့်ခံရနိုင်တယ်။ (အကျယ်မပြောတော့ပါ။ အင်အားကြီးနိုင်ငံတွေက အင်အားနည်းနိုင်ငံတွေကို ၂၀ ရာစုအတွင်း ဘယ်လိုအနိုင်ကျင့်ရက်စက်ယုတ်မာခဲ့ကြတယ်ဆိုတာ သိအောင်လေ့လာပါ။ အဲဒါ သမိုင်းသင်ခန်းစာတွေပါ) မြင်ကွင်းကျယ်ရှုမြင်တတ်ပါစေ။

**တော်ရမယ်**

**တော်အောင်လုပ်ပါ။ ထူးချွန်အောင်လုပ်ပါ။**

တော်ချင်ရင် စာများများဖတ်။ စာကြည့်တိုက်ထဲက စာအုပ်တွေများနိုင်သမျှ များများနဲ့ ရင်းနှီးအောင် အမြဲတမ်းထိတွေ့ဖတ်မှတ်နေပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးသန့်တို့ကို နိုင်ငံတကာက လေးစားတယ်ဆိုတာဟာ ကျောင်းသားဘဝကတည်းက စာဖတ်များခဲ့ကြပြီး အမြင်ကျယ်လို့ပါ။ စာပေဟာ မိတ်ဆွေကောင်းပါပဲ။

မသိတာရှိရင် မေးမြန်းစူးစမ်းပါ။

တိကျအောင် များများရေးပါ။ ရေးသူတွေသာ ထိပ်ပိုင်းထိရောက်ရှိနိုင်တယ်။ ရေးဖို့မပျင်းနဲ့။

နှုတ်မှုပညာ ဆွေးနွေး၊ ဟောပြော၊ စကားပြောဆိုနည်းတွေလည်း လေ့လာလေ့ကျင့်ပါ။ အင်္ဂလိပ်လိုကော၊ တရုတ်လိုကော၊ ဂျပန်လိုကော၊ ရုရှားလိုကော၊ ဘာသာအမျိုးမျိုး ကျွမ်းကျင်လေလေ၊ အကျိုးရှိလေလေပါပဲ။

လေ့ကျင့်ဖန်များရင် ကျွမ်းကျင်တတ်မြောက်ပါတယ်။ အထပ်ထပ် မှန်မှန်လေ့ကျင့်ရမယ်။

**အမြင်ကျယ်**

ကြိုးစားလိုစိတ်ရှိအောင် ကိုယ့်ကိုယ်ကိုယ်နှိုးဆော်ပါ။ အခုခေတ်မှာ အဆင့်မြင့်ပညာဖွံ့ဖြိုးဖို့ရာက သုတေသန စနစ်တကျလုပ်ကြရမှာဖြစ်ပါတယ်။ အယူအဆ၊ အတွေးအခေါ်၊ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်တွေဟာ အချက်အလက်အမှန်တွေပေါ် မူတည်သုံးသပ်တဲ့ ကောက်ချက်တွေဖြစ်ရမယ်။ သိပ္ပံနည်းကျလုပ်ဆောင်ချက်ဖြစ်ဖို့ရာ စနစ်ကျတဲ့ သုတေသနနဲ့ စဉ်းစားသုံးသပ်ချက်တွေ ရှိရပေမယ်။ အနစ်နာခံနိုင်ရပေမယ်။

အေးချမ်းသာယာဖို့၊ တည်ငြိမ်လုံခြုံကြဖို့ဆိုတာ ချစ်ခင်စည်းလုံးမှု၊ စာနာနားလည်မှု၊ အပြန်အလှန်ခွင့်လွှတ်သည်းခံမှု၊ လေးစားမှု၊ မေတ္တာထားနိုင်မှုတွေမှာသာ အခြေခံရမယ်။ မိသားစုအတွင်း ဆက်ဆံရေးကစလို့ ပြည်သူအချင်းချင်းဟာ ကြင်နာမှု၊ စာနာမှု၊ ကူညီဖေးမမှုတွေ ရှိရပါမယ်။ အနစ်နာခံနိုင်ရပေမယ်။

အချုပ်ပြောရရင်တော့ စိတ်ကောင်းစေတနာကောင်းတွေ ပြည့်ဝနေကြမှသာ ပျော်ရွှင်စိတ်ချမ်းသာတဲ့ဘဝကို ရကြပေမယ်။ အတိုမှတ်မိအောင် ဒီလိုရေးပြချင်တယ်။

**နိဂုံး**

တတ်ချင်ရင် သင်။

တော်ချင်ရင် ဖတ်။

သိရချင်ရင် မေး။

တိကျချင်ရင် ရေး။

ပြည့်ဝချင်ရင် ဆွေးနွေး။

ထူးချွန်လိုရင် တွေး။

မမှားလိုရင် ပြန်စစ်ဆေး။

အေးချမ်းလိုသော် မေတ္တာလွှမ်း။

ကျွမ်းကျင်လိုသော် လေ့ကျင့်။

သုတေသနဖြင့်သာ ဖွံ့ဖြိုးကြောင်း။

စိတ်ကောင်းရှိက ပျော်ရွှင်ရ။

မိမိကိုယ်ကို အစွမ်းကုန်မြှင့်တင်ကြိုးစားကြ။

တို့ဘဝတွေ ပိုမိုသာယာလှပစေရမယ်လေ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက အုန်းသီးအလုံးရေ ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက အုန်းသီးအလုံးရေ ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်အုန်းသီးများကိုဝယ်ယူပြီး အခွံပါ၊ အခွံမပါနှင့် အနုသီး စသည့်ပုံစံဖြင့် အသီးသုံးမျိုးကို တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်ထိ အုန်းသီးအလုံးရေ ၁၇၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ တစ်လအတွင်း အုန်းသီးအလုံးရေ ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ထွက် အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက အုန်းသီးအလုံးရေ ၃၀၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အုန်းသီးဝယ်လိုအားကောင်းလာသလို ဈေးကောင်းလဲရရှိနေပါတယ်။ ရန်ကုန်ကနေ တစ်ဆင့် ပြည်ပဈေးကွက်ကိုလဲ တင်ပို့ရောင်းချပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေပြီး အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၇၀၀၀ ထိ ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်းလာခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# တောင်ကြီးမြို့နယ် ဟဲကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းသော်ရှေ့ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော စီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဟဲကယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟဲကယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

**မောင်ရိုင်**

# နိုင်ငံချစ်စိတ်

\- ကိုယ့်နိုင်ငံ တိုးတက်ရေး
ကြံဆတွေး မင်းသူငါ၊
ကိုယ့်တာဝန် မလစ်ဟင်း
ပြစ်ကင်းစေရာ၊
ဖြူစင်ခြင်း စေတနာ
ရင်တွင်းမှာ မွေးမြူလျက်၊
အချိန်ကို တန်ဖိုးထားကွယ်
လှုပ်ရှားသွက်လက်။

\- အသိဉာဏ် အစွမ်းထက်လို့
အပျင်းမဖက် လူသားအသွင်၊
ပျော်ရွှင်ဖွယ် အားခွန်သစ်နဲ့
ထုဆစ်အစဉ်၊
ဖွဲ့သတ္တိ အတူယှဉ်
ဖြူစင်ဖွယ် စိတ်ကောင်းမွေး၊
ကိုယ့်နိုင်ငံ တန်ခိုးထွားဖို့
ကြိုးစားမယ်လေး။

\- အတ္တတွေ ရင်မှာမမွေးနဲ့
ကြင်နာမနှေး ကိုယ့်နိုင်ငံ၊
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးရှင်သန်၊
နိုင်ငံတော်ကြီး တိုးတက်ရန်
စွမ်းစွမ်းတမံ ကြိုးစားရင်း၊
နိုင်ရာဝန် ကိုယ်စီထမ်းကွယ်
လှမ်းလျှောက်စေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# သရက်မြို့နယ် သဲဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ

**သရက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပိသလိမ်းကျေးရွာအုပ်စု သဲဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သဲဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် သဲဖြူကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လမ်းအရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သဲဖြူကျေးရွာရှိ အိမ်ခြေ ၁၇၆ အိမ်နှင့် လူ ၆၉၅ ဦးတို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဝင်းမာ**

# နိုင်ငံတကာ သတင်းများ

## ပင်လယ်နက်ဒေသ၌ ကုန်တင်သင်္ဘောတစ်စီးကို ရုရှားရေတပ်သင်္ဘော သတိပေးပစ်ခတ်မှုပြုလုပ်

**မော်စကို ဩဂုတ် ၁၃**

ယူကရိန်းနိုင်ငံဘက်သို့ ဦးတည်ခုတ်မောင်းနေသော ကုန်တင်သင်္ဘောတစ်စီးကို ရုရှားရေတပ်သင်္ဘောတစ်စီးက ယနေ့တွင် သတိပေးပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပါလောကျွန်းစုနိုင်ငံမှတ်ပုံတင်သင်္ဘောတစ်စီးဖြစ်သည့် အဆိုပါကုန်တင်သင်္ဘောအား ရုရှားရေတပ်က သတိပေးပစ်ခတ်ခဲ့မှုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

စစ်ဆေးခံရန်အတွက် ရပ်တန့်ပေးရေးမေတ္တာရပ်ခံချက်ကို ဆူကရှုအိုကန်အမည်ရှိ ၎င်းကုန်တင်သင်္ဘောရေယာဉ်မှူးက တုံ့ပြန်မှုမရှိခဲ့ခြင်းကြောင့် ရုရှားရေတပ်ကင်းလှည့်သင်္ဘောက သတိပေးပစ်ခတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံ အစ်ဇ်မေးလ်ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေချိန်တွင် ရုရှားရေတပ်သင်္ဘောက သတိပေးပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သတိပေးပစ်ခတ်မှု ပြုလုပ်ပြီးနောက် ရုရှားတပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ်တစ်စင်း၏ အကူအညီဖြင့် ဆူကရှုအိုကန်သင်္ဘောပေါ်သို့ တက်ရောက်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တက်ရောက် စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဆူကရှုအိုကန်ကုန်တင်သင်္ဘောကို ဆက်လက်ထွက်ခွာခွင့်ပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

KKO



## နှစ်နိုင်ငံလေကြောင်းလုံခြုံရေးသဘောတူညီချက် ပီရူးနှင့် အမေရိကန်နိုင်ငံ ပြန်လည်ရယူ

**လီမာ ဩဂုတ် ၁၃**

ပီရူးနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံလေကြောင်းလုံခြုံရေးသဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၁၂ ရက်တွင်ရယူခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မူးယစ်ဂိုဏ်းများပိုင်ဆိုင်သည့် လေယာဉ်များ ပီရူးလေပိုင်နက်အတွင်းဝင်ရောက်မှုကို တားဆီးရေးအတွက် အမေရိကန်နိုင်ငံနှင့်နှစ်နိုင်ငံလေကြောင်းလုံခြုံရေးသဘောတူညီချက်ရယူခဲ့ခြင်းဖြစ်ကြောင်း ပီရူးအစိုးရက ကြေညာထားသည်။

အဆိုပါ လေကြောင်းလုံခြုံရေးသဘောတူညီချက်ကြောင့် လွန်ခဲ့သော နှစ် ၂၀ က ပီရူးနှင့်အမေရိကန်နိုင်ငံတို့ရယူခဲ့သော နှစ်နိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တစ်ရပ်လည်း ပြန်လည်အသက်ဝင်လာခဲ့ကြောင်း ပီရူးအစိုးရ၏ကြေညာချက်၌ ဖော်ပြထားသည်။

နှစ်နိုင်ငံလေကြောင်းလုံခြုံရေးသဘောတူညီချက်အရ အမေရိကန်နိုင်ငံအနေဖြင့် သတင်းထောက်လှမ်းရေးနှင့် လေ့ကျင့်ရေးအကူအညီများကို ပီရူးလေတပ်သို့ပေးအပ်နိုင်မည်ဖြစ်သည်။

ပီရူးနှင့် အမေရိကန်နိုင်ငံတို့အကြား ယခင်ရယူထားသည့် လေကြောင်းလုံခြုံရေးသဘောတူညီချက်မှာ လွန်ခဲ့သော နှစ် ၂၀ က ပျက်ပြယ်ခဲ့ရသည်။

ပီရူးလေတပ်က မူးယစ်လေယာဉ်အဖြစ် လေယာဉ်တစ်စင်းကို မှားယွင်းပစ်ချခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံသားနှစ်ဦး သေဆုံးခဲ့ရပြီးနောက် အဆိုပါသဘောတူညီချက် ပျက်ပြယ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ခါ့ချ်ရေလက်ကြားဖြတ်တံတားကို တိုက်ခိုက်မှုအတွက် ယူကရိန်းကို လက်တုံ့ပြန်မည်ဟု ရုရှားနိုင်ငံပြောကြား



**မော်စကို ဩဂုတ် ၁၃**

ကရိုင်းမီးယား ကျွန်းဆွယ် ခါ့ချ် ရေလက်ကြားဖြတ်တံတားကို တိုက်ခိုက်ခဲ့သည့်အတွက် ယူကရိန်းကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံသည် ဩဂုတ် ၁၂ ရက်တွင် ခါ့ချ်ရေလက်ကြားဖြတ်တံတားကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ခါ့ချ်ရေလက်ကြားဖြတ်တံတားတိုက်ခိုက်မှုကို အကြမ်းဖက်လုပ်ရပ်အဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ထားပြီး ယင်းတိုက်ခိုက်မှုအတွက် ယူကရိန်းကိုလက်တုံ့ပြန်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ယူကရိန်းစစ်ဘက်က ခါ့ချ်ရေလက်ကြားဖြတ်တံတားကို ပစ်မှတ်ထားပြုလုပ်ခဲ့သည့် ဒုံးကျည်တိုက်ခိုက်မှုကို တားဆီးနိုင်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ခါ့ချ်ရေလက်ကြားဖြတ်တံတားသည် ရုရှားအချုပ်အခြာအောက်သို့ ကရိုင်းမီးယားကျွန်းဆွယ် ရောက်ရှိခဲ့ပြီးနောက် တည်ဆောက်ခဲ့သောတံတားဖြစ်ပြီး အရှည် ၁၂ မိုင်ရှိသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ကရိုင်းမီးယားကျွန်းဆွယ်အတွင်းရှိ အခြားနေရာများကိုလည်း တိုက်ခိုက်ရန်ကြိုးစားလာသော ယူကရိန်းမောင်းသူမဲ့လေယာဉ်အစင်း ၂၀ ကို ရုရှားတပ်များက ဟန့်တားဖျက်ဆီးခဲ့ရကြောင်း သိရသည်။

KKO

## ပစ်ခတ်လုပ်ကြံမှုကြောင့်သေဆုံးခဲ့ရသည့် သမ္မတလောင်းနေရာ၌ သမ္မတလောင်းတစ်ဦးကို အီကွေဒေါနိုင်ငံရေးပါတီ အစားထိုးရွေးချယ်

**ကွီတို ဩဂုတ် ၁၃**

မဲဆွယ်ပွဲဆင်းနေစဉ် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရသော အီကွေဒေါသမ္မတလောင်း ဗီလာဗီစင်စီယို၏နေရာ၌ အစားထိုးယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြုသမ္မတလောင်းကိုဗီလာဗီစင်စီယို၏ နိုင်ငံရေးပါတီက ဩဂုတ် ၁၂ ရက်တွင် ရွေးချယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြည်တော်တည်ရေးပါတီအမည်ရှိ အဆိုပါ ပါတီသည် အီကွေဒေါသမ္မတရွေးကောက်ပွဲ မကျင်းပမီ ရက်သတ္တပတ်မျှအလိုတွင် ဗီလာဗီစင်စီယို၏နေရာ၌ အစားထိုးယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြုသမ္မတလောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လုပ်ကြံခံရမှုကြောင့် သေဆုံးခဲ့ရသည့် ဗီလာဗီစင်စီယို၏နေရာတွင် အန်ဒရီယာဂွန်ဇာလက် အမည်ရှိ သမ္မတလောင်းကအစားထိုးယှဉ်ပြိုင်မည်ဖြစ်ကြောင်းပြည်တော်တည်ရေးပါတီက ကြေညာထားသည်။

အီကွေဒေါ လွှတ်တော်အမတ်ဟောင်း အသက် ၅၁ နှစ်အရွယ် ဗီလာဗီစင်စီယိုသည် ပြီးခဲ့သည့် ရက်သတ္တပတ်က မဲဆွယ်စည်းရုံးရေးဆင်းနေစဉ် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရသည်။

ဗီလာဗီစင်စီယို လုပ်ကြံခံရမှုအတွက် အီကွေဒေါရဲတပ်ဖွဲ့က လုပ်ကြံသူများအဖြစ် ယူဆရသူ ကိုလံဘီယာနိုင်ငံသား ခြောက်ဦးကို ဖမ်းဆီးထားသည်။

အီကွေဒေါသမ္မတရွေးကောက်ပွဲကို လာမည့် ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

KKO

## ဟော်မုဇ်ရေလက်ကြားဖြတ်ရေယာဉ်များ အီရန်ရေပိုင်နက်ကို ရှောင်ရှားသွားလာရန် ပင်လယ်ကွေ့ရေတပ်ညွန့်ပေါင်းအုပ်စု သတိပေး

**နယူးယောက် ဩဂုတ် ၁၃**

အီရန်နိုင်ငံက ဖမ်းဆီးသိမ်းယူမည့်အရေးမှကင်းလွတ်ရေးအတွက် ဟော်မုဇ် ရေလက်ကြားဒေသ၌ အီရန်ပိုင်နက် ရေပြင်များကို တတ်နိုင်သရွေ့ရှောင်ရှားသွားလာကြရန် ရေယာဉ်များကို အမေရိကန်နိုင်ငံဦးဆောင်သည့် ပင်လယ်ကွေ့ရေတပ်ညွန့်ပေါင်းအုပ်စုက ဩဂုတ် ၁၂ ရက်တွင် သတိပေးထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



လက်ရှိဒေသတွင်း တင်းမာမှုအခြေအနေများအရ အီရန်၏ ဖမ်းဆီးသိမ်းယူခံရမည့် အရေးကို လျှော့ချနိုင်ရန်အတွက် ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသည့်သင်္ဘောများအတွက် ပင်လယ်ရေကြောင်းလုံခြုံရေးသတိပေးချက်တစ်ရပ်ထုတ်ပြန်ပေးထားကြောင်း ဘာရိန်းနိုင်ငံအခြေစိုက် အမေရိကန်အမှတ်-၅ ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ပင်လယ်ကွေ့ရေတပ် ညွန့်ပေါင်းအုပ်စု၏ အဆိုပါသတိပေးချက်တွင် အီရန်၏ ဖမ်းဆီးသိမ်းယူခံရမှုကင်းလွတ်ရေးအတွက် တတ်နိုင်သရွေ့ အီရန်ရေပြင်များကို ရှောင်ရှားရန် ရေယာဉ်များကိုအကြံပြုထားသည်။

ယခုနှစ် ဧပြီလကုန်ပိုင်းနှင့် မေလအစောပိုင်းတို့တွင် အီရန်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသည့်ရေနံတင်သည့် ဟော်မုဇ်ရေလက်ကြားအတွင်း တင်းမာမှုများဆက်လက်မြင့်တက်နေသည်ကို သက်သေပြလျက်ရှိသည်။

အီရန်နှင့် အိုမန်ကြားတည်ရှိသည့် ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့ရေနံစိမ်းနှင့် ရေနံထုတ်ကုန်ငါးပုံတစ်ပုံခန့် ဖြတ်သန်းနေသော မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

KKO

# ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲတွင် အန်တိုနီဂျိုရှာက ဟယ်လင်နီယက်စ်ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ




**လန်ဒန် ဩဂုတ် ၁၃**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာနှင့် ဖင်လန်လက်ဝှေ့သမားဟယ်လင်နီယက်စ်တို့ ဩဂုတ် ၁၂ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ထိုးသတ်ခဲ့ရာ အန်တိုနီဂျိုရှာက ခုနစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း The Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂျိုရှာသည် အင်္ဂလန်လက်ဝှေ့သမား ဒီလီယန်ဝိုက်နှင့် ထိုးသတ်သွားရန် စီစဉ်ခဲ့သော်လည်း တားမြစ်ဆေးဝါးသုံးစွဲထားသည့်အတွက် ဟယ်လင်နီယက်စ်နှင့်အစားထိုးခဲ့ပြီး အန်တိုနီဂျိုရှာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဟယ်လင်နီယက်စ်သည် ဒီလီယန်ဝိုက်နေရာတွင် အစားထိုးခဲ့ရသည့်အတွက် ပြင်ဆင်ချိန်မရခဲ့ဘဲ အန်တိုနီဂျိုရှာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဟယ်လင်နီယက်စ်ကို နည်းပြဖြစ်သူက ပြင်ဆင်ချိန်နည်းသည့်အတွက် အန်တိုနီဂျိုရှာနှင့်ထိုးသတ်ခြင်းမပြုရန် တားမြစ်ခဲ့သော်လည်း ဟယ်လင်နီယက်စ်က အန်တိုနီဂျိုရှာနှင့် ထိုးသတ်သွားလိုသည့်အတွက် နည်းပြဖြစ်သူ၏တားမြစ်မှုကို ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

အန်တိုနီဂျိုရှာက "ဟယ်လင်နီယက်စ်နဲ့ပွဲစဉ်ဟာ ကျွန်တော့်အတွက် တကယ့်ကိုခက်ခဲတဲ့ပွဲစဉ်ဖြစ်ပါတယ်။ ဟယ်လင်နီယက်စ်ဟာ ပြင်ဆင်ချိန်နည်းပေမဲ့လဲ အကောင်းဆုံးထိုးသတ်နိုင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒီစိန်ခေါ်ပွဲစဉ်မှာအနိုင်ရလဒ်ကို မဖြစ်မနေအနိုင်ရဖို့လိုအပ်တဲ့အတွက်ကြောင့် ပွဲအပေါ်မှာ အာရုံစိုက်ခဲ့ပါတယ်။ ဒီလီယန်ဝိုက်နဲ့ ထိုးသတ်ဖို့အတွက် ပြင်ဆင်ခဲ့ပေမဲ့လဲ အဆင်မပြေတဲ့အတွက် ဟယ်လင်နီယက်စ်နဲ့ အစားထိုးခဲ့တာပါ။ ပြင်ဆင်ထားတဲ့ အတွက်ကြောင့် ဟယ်လင်နီယက်စ်နဲ့ ပွဲစဉ်မှာ အကောင်းဆုံး ထိုးသတ်နိုင်ခဲ့ပါတယ်။ ဒီလိုရလဒ်ကောင်းနဲ့ ဟယ်လင်နီယက်စ်ကို အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# National Bank Open ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျန်နစ်ဆင်နာ တက်ရောက်

**လန်ဒန် ဩဂုတ် ၁၃**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီ တင်းနစ်ကစားသမားဂျန်နစ်ဆင်နာက အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ဆင်နာက (၆-၄၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း AP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် Masters တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဆင့်သို့ လေးကြိမ်မြောက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် တွမ်မီပေါလ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တွမ်မီပေါလ်က ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကိုအနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ကစားသမားတစ်ဦး ဖြစ်ကြောင်း သိရသည်။

ဂျန်နစ်ဆင်နာက "ဆီမီးဖိုင်နယ်အဆင့်မှာကျွန်တော့်အနေနဲ့ အမှားအယွင်းတချို့ရှိခဲ့ပါတယ်။ အမှားအယွင်းရှိခဲ့ပေမဲ့လဲ ပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ဒီလိုပွဲကြီးပွဲကောင်းမှာပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့တဲ့အတွက် ဗိုလ်လုပွဲစဉ်ကိုကစားဖို့အတွက် စိတ်ဓာတ်ခွန်အားရရှိခဲ့ပါတယ်။ဆီမီးဖိုင်နယ်ရဲ့ရလဒ်ဟာ ဗိုလ်လုပွဲစဉ်အတွက် အများကြီးအထောက်အကူဖြစ်စေမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား မီလီတာအို ခြောက်လခန့် အနားယူရမည်




**မက်ဒရစ် ဩဂုတ် ၁၃**

ရီးရဲလ်မက်ဒရစ်အသင်း အဓိကခံစစ်ကစားသမား မီလီတာအိုသည် စပိန်လာလီဂါပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ဘီလ်ဘာအိုအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သည့်အတွက် ခြောက်လခန့်ထိအနားယူရမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြုခဲ့ကြောင်း Daily Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မီလီတာအိုသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၅၀ တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သည့်အတွက် ဆက်လက်ကစားနိုင်ခြင်းမရှိတော့သောကြောင့် အသင်းဖော်ရှုဒီဂါနှင့် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

မီလီတာအိုသည် နောက်ပိုင်းဘောလုံးရာသီများတွင် အဓိကကစားသမားအဖြစ် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သောကြောင့် ယခုအခါ ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်များဖြစ်လာမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းကလည်း အသင်းမှ အဓိကဂိုးသမားတစ်ဦးဖြစ်သည့် ကော့တွိုက်သည်လည်း လေ့ကျင့်ခန်းအစီအစဉ်တွင်ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ပြီး ကာလရှည်အနားယူနေခဲ့ရသကဲ့သို့ ယခုအခါတွင်လည်း အဓိက ကစားသမားတစ်ဦးကို ခြောက်လခန့်ထိ လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။ STA

# ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၁၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဗန်ကောက်အရီနာအားကစားကွင်းတွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ကစားခဲ့ရာ ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် စတုတ္ထနေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)တွင် အိမ်ရှင် ထိုင်းအသင်း၊ ဆော်လမွန်ကျွန်းစုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာတွင် အိမ်ရှင်ထိုင်းအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဆော်လမွန်ကျွန်းစုအသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဥရောပအသင်းတစ်သင်းဖြစ်သည့် ချက်အသင်းနှင့် ကစားခဲ့ရာတွင် ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် တတိယနေရာလုပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် ဆက်လက်ကစားခဲ့ရပြီး အာဖဂန်နစ္စတန် အသင်းနှင့်ပွဲစဉ်တွင်လည်း မြန်မာအသင်းအနေဖြင့် အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သည့်အတွက် ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# ပီအက်စ်ဂျီအသင်းက ကစားသမားစာရင်းမှချန်လှပ်ထားသည့် အမ်ဘက်ပီကို အသင်းနှင့်ပြန်လည်ပူးပေါင်းခွင့်ပြု

**ပဲရစ် ဩဂုတ် ၁၃**

ပီအက်စ်ဂျီအသင်းကသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ငြင်းဆိုခဲ့မှုကြောင့် အသင်းကစားသမားစာရင်းမှချန်လှပ်ထားပြီး အသင်းနှင့်ပူးပေါင်းခွင့် ပိတ်ပင်ထားသည့် အဓိကတိုက်စစ်မှူး အမ်ဘက်ပီကို အသင်းနှင့် ပြန်လည်ပူးပေါင်းခွင့်ပြုခဲ့သည်ဟု L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘက်ပီသည် ပီအက်စ်ဂျီအသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်သာကျန်ရှိတော့ပြီး ပီအက်စ်ဂျီအသင်းက လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း အမ်ဘက်ပီကိုယ်တိုင်က အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာလိုနေသောကြောင့် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပီအက်စ်ဂျီအသင်းက အမ်ဘက်ပီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မအောင်မြင်ခဲ့သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်ခဲ့သော်လည်း အမ်ဘက်ပီက ရောင်းချမည့် အစီအစဉ်ကိုလည်း ငြင်းပယ်ခဲ့သောကြောင့် ပီအက်စ်ဂျီအသင်းနှင့် အမ်ဘက်ပီတို့ကြား ဆက်ဆံရေး တင်းမာမှုများရှိခဲ့ပြီးနောက် ရာသီသစ်စတင်ရန်ရက်ပိုင်းအလိုတွင် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့သည့်အပြင် အသင်းနှင့်ပူးပေါင်းခွင့်ပါ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက "လိုရီယန့်အသင်းနဲ့ပွဲစဉ်မတိုင်ခင် အမ်ဘက်ပီနဲ့ ဆွေးနွေးမှုတွေပြုလုပ်အပြီးမှာ အပြုသဘောဆောင်တဲ့ဆွေးနွေးမှုဖြစ်ခဲ့တဲ့အတွက် အသင်းကစားသမားစာရင်းမှာပြန်လည်ထည့်သွင်းသွားမှာဖြစ်ပြီး အသင်းနဲ့လေ့ကျင့်မှုများကိုလဲ ပုံမှန်အတိုင်းဆက်လက်ပြုလုပ်ခွင့်ပေးသွားမှာပါ"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

STA

**ပရီးမီးယားလိဂ် ပွဲစဉ် (၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | စပါး |
| ချဲလ်ဆီး | ၁ | - | ၁ | လီဗာပူး |

**စပိန်လာလီဂါ ပွဲစဉ် (၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၀ | - | ၂ | အိုဆာဆူနာ |

(၀၄၀)

# မျိုးဆက်သစ်များနှင့် နိုင်ငံရေးသွေးသစ်လောင်းရန်ပြင်ဆင်နေသော ကမ္ဘောဒီးယားနိုင်ငံ



**ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဟွန်မာနက်။**

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာမိုနီသည် ဟွန်မာနက်ကို တိုင်းပြည်၏ဝန်ကြီးချုပ်သစ်အဖြစ် ဩဂုတ်လ ၇ ရက်တွင် တရားဝင်အတည်ပြုခဲ့သည်။ ဘုရင့်အမိန့်၌ ဟွန်မာနက်သည် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခုနှစ် ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP)သည် လွှတ်တော်အမတ်နေရာ ၁၂၅ နေရာအနက် ၁၂၀ အနိုင်ရရှိခဲ့ပြီးနောက် ဟွန်မာနက်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဟွန်မာနက်သည် ဩဂုတ် ၂၂ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသွားမည်ဖြစ်သည်။ စင်စစ်အားဖြင့် ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် အတိုက်အခံပါတီများ လောက်လောက်လားလား မရှိခြင်းသည် အာဏာရပါတီအတွက် အလေးသာလျက်ရှိသည်။

ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်အနည်းငယ်အတွင်း ဝန်ကြီးချုပ်ဟွန်ဆန်က ၎င်းအနေဖြင့် တာဝန်မှအနားယူတော့မည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်တာဝန်ကို ဟွန်မာနက်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဟွန်မာနက်သည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံမှုအတွက် ဘုရင်သီဟာမိုနီကို ကျေးဇူးအထူးတင်ရှိကြောင်းနှင့် ထိုသို့ခန့်အပ်မှုကို ၎င်း၏ဘဝတွင် အမြင့်ဆုံးသောဂုဏ်ပြုမှုအဖြစ် ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

CPP သည် ကမ္ဘောဒီးယားနိုင်ငံကို ဦးဆောင်လျက်ရှိသော်လည်း ဟွန်မာနက်ကိုဝန်ကြီးချုပ်တာဝန်ပေးအပ်သည့် ဘုရင်၏တော်ဝင်အမိန့်သည် ဝန်ကြီးချုပ်တာဝန် ၃၈ နှစ်ကြာထမ်းဆောင်ခဲ့သော ဟွန်ဆန်၏ နိုင်ငံရေးအမွေဆက်ခံမှုအတွက် များစွာအရေးပါလျက်ရှိသည်။ နိုင်ငံရေးအာဏာ စွန့်လွှတ်လိုသော ဟွန်ဆန်၏စိတ်ဆန္ဒသည် ဝန်ကြီးဟောင်းများကိုလည်း တာဝန်မှအနားယူပြီး မျိုးဆက်သစ်လူငယ်များကို လွှဲပြောင်းတာဝန်ပေးအပ်ရန်ဖြစ်လာခဲ့သည်။ အချို့သောဝန်ကြီးများသည် ၎င်းတို့၏ သား၊ သမီးများကို လွှဲပြောင်းတာဝန်ပေးအပ်သွားဖွယ်ရာ ရှိနေသည်။

ဟွန်မာနက်သည် ပြည်ပတွင်ပညာသင်ကြားခဲ့ပြီး စစ်ဘက်တွင် ဖြိုင်ဘက်ကင်းအာဏာများရရှိလာခဲ့သည်။ ၎င်းသည် ဖခင်ဖြစ်သူ ဟွန်ဆန်၏ အမွေကို ဆက်လက်စောင့်ထိန်းသွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုလျက်ရှိသော်လည်း ထူးခြားသည့် အမျိုးသားရေးမျှော်မှန်းချက်ကိုမူ အခိုင်အမာဆုံးဖြတ်ရန်ခက်ခဲမည်ဖြစ်သည်။ သို့သော် ဟွန်မာနက်သည် ဖခင်ဖြစ်သူနှင့်မတူညီသော ဘဝအတွေ့အကြုံကို ဖြတ်သန်းလာခဲ့ရသောကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးဝန်းကျင်သည် အပြောင်းအလဲဖြစ်ပေါ်လာနိုင်မည်ဟုမျှော်မှန်းရပေသည်။ ဟွန်ဆန်သည် ၂၀ ရာစုကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကြမ်းတမ်းသောအခြေအနေကို ကျော်လွှားနိုင်ရေးအတွက် ကြိုးပမ်းခဲ့ရသည်။ ဟွန်ဆန်သည် ပြည်တွင်းစစ်နှင့် တော်လှန်ရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှု စသည့်အတွေ့အကြုံများကိုအခြေခံကာ ကမ္ဘာကြီးအပေါ် ၎င်း၏ရှုထောင့်အမြင်နှင့် နိုင်ငံရေးဆိုင်ရာနည်းလမ်းများ ပုံဖော်တည်ဆောက်ခဲ့သည်။

တစ်နည်းအားဖြင့်ဆိုလျှင် ဟွန်မာနက်သည် ဓနအင်အားကြွယ်ဝသည့် အသိုက်အဝန်းမှကြီးပြင်းလာသူဖြစ်သည်။ ၎င်းသည် ကမ္ဘာ့အကောင်းဆုံးကျောင်းများဖြစ်သည့် အမေရိကန် West Point စစ်တက္ကသိုလ်၊ Bristol တက္ကသိုလ်နှင့် နယူးယောက်တက္ကသိုလ်များမှ ဘွဲ့အသီးသီးရရှိခဲ့ပြီး ဝန်ကြီးချုပ်အာဏာ လွှဲပြောင်းလက်ခံရေးအတွက် ငယ်စဉ်ကတည်းက လေ့ကျင့်ထိန်းကျောင်းမှုရရှိထားသူဖြစ်သည်။ ၎င်းသည် ဟွန်ဆန်၏လေသံအတိုင်းပင် လိုက်ပါပြောဆိုလျက်ရှိသော်လည်း ပေါ့ပေါ့ပါးပါး ပြောဆိုလျက်ရှိသည်။ သို့သော် ပွင့်လင်းစွာပြောဆိုခြင်းသည် နိုင်ငံရေးဝန်းကျင်တွင် ဖိနှိပ်မှုများကို ပိုမိုသိသာထင်ရှား ပေါ်လွင်လာစေမည်ဖြစ်သည်။ ဟွန်ဆန်သည် အနောက်တိုင်းမူဝါဒနှင့်စပ်လျဉ်း၍ ကျွမ်းကျင်ပြီး အမေရိကန်နှင့်အနောက်တိုင်းအစိုးရများကို လိမ္မာပါးနပ်စွာ ထိတွေ့ဆက်ဆံနိုင်သော်လည်း ဟွန်မာနက်အနေဖြင့်မူ အဆိုပါအရည်အချင်းများ လိုအပ်နေဆဲပင်ဖြစ်သည်။

> **❖ CPP သည် ကမ္ဘောဒီးယားနိုင်ငံကို ဦးဆောင်လျက်ရှိသော်လည်း ဟွန်မာနက်ကို ဝန်ကြီးချုပ်တာဝန်ပေးအပ်သည့် ဘုရင်၏တော်ဝင်အမိန့်သည် ဝန်ကြီးချုပ်တာဝန် ၃၈ နှစ်ကြာထမ်းဆောင်ခဲ့သော ဟွန်ဆန်၏ နိုင်ငံရေးအမွေဆက်ခံမှုအတွက် များစွာအရေးပါလျက်ရှိသည်။ နိုင်ငံရေးအာဏာ စွန့်လွှတ်လိုသော ဟွန်ဆန်၏စိတ်ဆန္ဒသည် ဝန်ကြီးဟောင်းများကိုလည်း တာဝန်မှအနားယူပြီး မျိုးဆက်သစ်လူငယ်များကို လွှဲပြောင်းတာဝန်ပေးအပ်ရန်ဖြစ်လာခဲ့သည်။ အချို့သောဝန်ကြီးများသည် ၎င်းတို့၏ သား၊သမီးများကို လွှဲပြောင်းတာဝန်ပေးအပ်သွားဖွယ်ရာရှိနေသည်။ ❖**

ဟွန်မာနက်သည် ၎င်း၏ဖခင်ပြုစုပျိုးထောင်ထားသော နိုင်ငံရေးစနစ်တွင် အဆင့်မြင့်တာဝန်ထမ်းဆောင်သွားရမည်ဖြစ်သည့်အတွက် များစွာတာဝန်ကြီးလျက်ရှိသည်။ ၎င်းသည် ဖခင်ထူထောင်ထားသော နိုင်ငံရေးစနစ်ကို ဆက်လက်ထိန်းသိမ်းရန်၊ အချိန်အခါအလိုက် ပြန်လည်ပြုပြင်ရန်၊ နိုင်ငံရေးပွဲစားများ၊ စီးပွားရေးလုပ်ငန်းရှင်များအပြင် လုံခြုံရေးတပ်ဖွဲ့များနှင့်ထိတွေ့ဆက်ဆံရာတွင် ကန့်သတ်ချက်များစွာရှိနေမည်ဖြစ်သည်။ ဟွန်မာနက်အနေဖြင့် အနောက်တိုင်းပညာရေးနှင့် လူနေမှုဘဝအတွေ့အကြုံများရှိနေသည့်တိုင်အောင် အနာဂတ်တွင် တိုင်းပြည်၏နိုင်ငံရေးလားရာကို အကောင်းဆုံးတည်ဆောက်သွားရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ ဟွန်ဆန်ထူထောင်ထားသော နိုင်ငံရေးစနစ်သည် အနောက်တိုင်းနှင့် ပလဲနံပသင့်ရေးအတွက် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မှုကိုလည်း တားမြစ်ထားရှိသည်။

မည်သို့ပင်ဆိုစေ ဟွန်ဆန်သည် နောက်ကွယ်မှကြိုးကိုင်ခြယ်လှယ်နေဦးမည်ဖြစ်သည်။ ၎င်းအနေဖြင့် ၂၀၃၃ ခုနှစ်ထိ တာဝန်ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက်တွင် ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြထားသည်။ ဟွန်မာနက်အနေဖြင့်လည်း ကမ္ဘောဒီးယားနိုင်ငံကို ကြီးမားသောပြုပြင်ပြောင်းလဲမှု လုပ်ဆောင်သွားရန် မရှိကြောင်းပြောဆိုလျက်ရှိသည်။ ဖခင်ဖြစ်သူဟွန်ဆန်၏ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုတို့ကို ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြထားသည်။

ရွေးကောက်ပွဲမတိုင်မီ လေးရက်အလို ဇူလိုင် ၁၉ ရက်တွင် တိုင်းပြည်၏မျိုးဆက်သစ်ဝန်ကြီးချုပ်သည် ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည့်ပုံကိုတင်ကာ တိုက်ပွဲတစ်ခုတွင် ရန်သူကို ချေမှုန်းနိုင်ရေးအတွက် ၎င်းတို့၏နည်းဗျူဟာအတိုင်း လိုက်လျောညီထွေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရန်သူအနေဖြင့် တိုင်းပြည်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားရှိသည်။

အငြိမ်းစားယူတော့မည့် ဝန်ကြီးချုပ် ဟွန်ဆန်ကလည်း သားဖြစ်သူ၏ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမည်ဆိုလျှင် ဝန်ကြီးချုပ်တာဝန်ကို ပြန်လည်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် သားဖြစ်သူအား အာဏာလွှဲပေးမှုကြောင့် တိုင်းပြည်မတည်မငြိမ်ဖြစ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း ပြောကြားသွားသည်။

ဟွန်ဆန်က၎င်းအနေဖြင့် CPP ဥက္ကဋ္ဌတာဝန်ကို ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်သော်လည်း အစိုးရအဖွဲ့သစ်၏ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသွားမည်မဟုတ်ကြောင်း၊ သို့သော် တည်ငြိမ်အေးချမ်းသော လွှဲပြောင်းမှုဖြစ်ပေါ်စေရန် နောက်ကွယ်မှကြီးကြပ်သွားမည်ဖြစ်ကြောင်း၊ မျိုးဆက်ဟောင်းများ အနေဖြင့် လက်ရှိအချိန်ထိ နိုင်ငံရေးလောကမှအနားယူခြင်း မရှိသေးကြောင်း၊ မိမိအနေဖြင့် အာဏာရပါတီဥက္ကဋ္ဌအဖြစ် ဆက်လက်ထမ်းဆောင်နေဆဲဖြစ်ကြောင်း၊ ၎င်း၏လက်အောက်တွင် ဒုတိယဥက္ကဋ္ဌ လေးဦးနှင့် ဗဟိုကော်မတီဝင်များစွာရှိကြောင်း၊ အချို့သည် အမျိုးသားလွှတ်တော်တွင်လည်းကောင်း၊ အချို့မှာ ဆီးနိတ်လွှတ်တော်တွင်လည်းကောင်း အမတ်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အတိုက်အခံလွှတ်တော်အမတ်ဟောင်း အမ်ဆမ်အန်က CPP ပါတီအတွင်း၌ ဟွန်ဆန်၏ အာဏာလွှဲပြောင်းမှုအပေါ် မကျေနပ်သည့်သဘောထားတင်းမာသော ပုဂ္ဂိုလ်များရှိကြောင်း၊ လာမည့်သီတင်းပတ်များအတွင်း လက်နက်ကိုင်ပဋိပက္ခများ ရှိလာနိုင်ပြီး ဝန်ကြီးချုပ်တာဝန်လွှဲပြောင်းမှုကို အတားအဆီးဖြစ်စေနိုင်ကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။ နိုင်ငံရေးအကူးအပြောင်းကာလတွင် လှုပ်လှုပ်ခတ်ခတ်ဖြစ်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။

သမိုင်းကြောင်းအရ ကမ္ဘောဒီးယားနိုင်ငံသည် ပဋိပက္ခအလွန် နိုင်ငံများအနက် အောင်မြင်မှုရရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ငြိမ်းချမ်းရေးသည် ကမ္ဘောဒီးယားနိုင်ငံတွင် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂကြားဝင်စေ့စပ်သည့် ရွေးကောက်ပွဲပြုလုပ်ပြီးကတည်းက ပြဿနာကြီးကြီးမားမား မရှိတော့ဘဲ တဖြည်းဖြည်းတည်ငြိမ်အေးချမ်းလာလျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဝေဖန်မှုများရှိနေသော်လည်း ရွေးကောက်ပွဲကို မပျက်မကွက် ပုံမှန်ကျင်းပပြုလုပ်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မှုနှင့် သည်းခံမှုတို့ခိုင်မာအားကောင်းစေသည့် ၎င်း၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာတို့နှင့် လိုက်လျောညီထွေရှိသော နိုင်ငံရေးစနစ်ကို ဆက်လက်ကျင့်သုံး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားလျက်ရှိပြီး အခြေခံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းအပါအဝင် ဆင်းရဲမှုလျှော့ချခြင်းနှင့် ပြည်သူများ၏ သက်သာချောင်ချိရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် ဝန်ကြီးချုပ်တာဝန် ၃၈ နှစ်ထမ်းဆောင်ခဲ့သော ဟွန်ဆန်သည် အစိုးရအဖွဲ့ခေါင်းဆောင်တာဝန်ကို အသက် ၄၅ နှစ်အရွယ် သားဖြစ်သူ ဟွန်မာနက်ကို လွှဲပြောင်းပေးသွားတော့မည်ဖြစ်သည်။ ဟွန်မာနက်သည် ဩဂုတ် ၂၂ ရက်မှစ၍ ကမ္ဘောဒီးယားဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ထိုအချိန်တွင် CPP ပါတီအတွင်းရှိ သဘောထားတင်းမာသော ပုဂ္ဂိုလ်များအနေဖြင့် ဝန်ကြီးချုပ်အသစ်ကို ဆက်လက်ထောက်ခံသွားလေမလား သို့တည်းမဟုတ် ပွတ်တိုက်မှုများ ရှိလေမလားဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား –**

(1) **Cambodia's King Officially Appoints Hun Manet Prime Minister by The Diplomat.**

(2) **Cambodia's Hun Sen Officially Appoints Hun Manet Prime Minister by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## ဒေးဒရဲမြို့နယ် ဘုရားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒေးဒရဲ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကလေးကျေးရွာအုပ်စု ဘုရားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ဘုရားကလေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လစဉ်ဖြည့်သွင်းထားရှိရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

ဒေးဒရဲမြို့နယ် ဘုရားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို ငွေကျပ် ၄၆ ဒသမ ၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းရိုး**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် နှိုးဆော်ရေးကြော်ငြာကို ဝါရင့်သရုပ်ဆောင်များဖြင့် ရိုက်ကူးနေ



**ရန်ကုန် ဩဂုတ် ၁၃**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင်ကျင်းပမည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် နှိုးဆော်ရေးကြော်ငြာကို ဝါရင့်သရုပ်ဆောင်များဖြင့် ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)တွင် ရိုက်ကူးနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် နှိုးဆော်ရေးကြော်ငြာကို သရုပ်ဆောင် ရန်အောင်၊ မေသန်းနု၊ ဆောင်းအိန္ဒြေထွန်း၊ လှမျိုးသဥ္ဇာနွယ်၊ အိစိကွေး၊ ချောရတနာ၊ နေထက်လင်း၊ စုဒါလီ၊ ပွင့်နဒီမောင်၊ စိုးရန်အောင်၊ စိုးသီဟ၊ ကျော်ကျော်၊ ရေကြည်ချမ်းမြတို့က သရုပ်ဆောင်ထားကြပြီး ဒါရိုက်တာ ဇော်မြင့်ဦးနှင့် တွဲဖက်ဒါရိုက်တာ အောင်ဩဘာတို့က ပုံဖော်ရိုက်ကူးထားကာ ကင်မရာမန်း တင်ဆန်းက ရိုက်ကူးပေးခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိကာလမှာ အနုပညာရှင်တော်တော်များများက နယ်ရောက်နေကြပါတယ်။ နယ်ရောက်နေသူတွေသိရှိသွားကြပြီး အလှူငွေတွေထည့်ဝင်နိုင်ဖို့ အခုလိုကြော်ငြာလေးရိုက်တာပါ။ အဝေးရောက်အလှူရှင်တွေအနေနဲ့ ဂါရဝပြုကန်တော့ချင်တယ်ဆိုရင် ဖုန်း ၀၉-၈၈၀၈၉၆၉၅၇ သို့ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ KBZPay နဲ့ လှူဒါန်းနိုင်တယ်။ မြန်မာ့ရုပ်ရှင်က ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်ကစတင်ခဲ့တော့ (၁၀၃) နှစ်ပြည့်မြောက်တော့မှာပါ။ မြန်မာ့ရုပ်ရှင်နေ့မှာ သက်ကြီးပူဇော်ပွဲကိုလဲ (၄၆) ကြိမ်မြောက်အနေနဲ့ လုပ်ဆောင်မှာပါ"ဟု ဦးအေးကြူလေးက ပြောပြသည်။ ASH

# Cold Deck ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား အဲလက်ဘယ်ဒွင်နှင့် စတီဖင်ဒေါ့ဖ်တို့ပါဝင်

**နယူးယောက် ဩဂုတ် ၁၃**

Cold Deck အမည်ရှိထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသား အဲလက်ဘယ်ဒွင်နှင့် စတီဖင်ဒေါ့ဖ်တို့ပါဝင်သရုပ်ဆောင်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

Cold Deck ဇာတ်ကားကို The Jonas Project ဒါရိုက်တာ ဘရိုင်ယန်စကီဘာက ရိုက်ကူးထားကြောင်း သိရသည်။

ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှာ ဟောလိဝုဒ်သရုပ်ဆောင်များ၏ သပိတ်မတိုင်မီကပင် ပြီးဆုံးခဲ့ပြီဖြစ်ရာ လက်ရှိတွင် ထုတ်လုပ်ရေးလုပ်ငန်း ဆက်လက်ပြုလုပ်နေကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။

Cold Deck အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုးပါရောဆီယိုနှင့် အားရစ်ဘရွမ်းဘာ့တို့က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား အဲလက်ဘယ်ဒွင်နှင့် စတီဖင်ဒေါ့ဖ်တို့အပြင် မင်းသား ဂျက်ဆီမက်ကတ်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိတွင် Cold Deck ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# စာရေးဆရာ၊ ကဗျာဆရာ၊ ဇာတ်ညွှန်းရေးဆရာ မြင့်ဦးဦးမြင့် ကွယ်လွန်

**ရန်ကုန် ဩဂုတ် ၁၃**

စာရေးဆရာ၊ ကဗျာဆရာ၊ ဇာတ်ညွှန်းရေးဆရာ မြင့်ဦးဦးမြင့်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်တွင် ဩဂုတ် ၁၂ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ က ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် မြင့်ဦးဦးမြင့်သည် ကဗျာဆရာအဖြစ် အသက်မွေးခဲ့သူတစ်ဦးဖြစ်ပြီး ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေးသူအဖြစ် ၂၀၀၀ ပြည့်နှစ်ခန့်က ဝင်ရောက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်က ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားကြီးဖြင့် ရုပ်ရှင်ထူးချွန်ဆု (ဇာတ်ညွှန်း)ကို ဆွတ်ခူးရရှိသည်ထိ အောင်မြင်သူလည်းဖြစ်ကြောင်း သိရသည်။



"ကျွန်တော် ပြည်သူ့ဖလင်စာစောင် အယ်ဒီတာဘဝမှာ မြင့်ဦးဦးမြင့်၊ ကိုကိုလွင်၊ မောင်စိုးထက်တို့က ကဗျာတွေအရေးများတော့ ရင်းနှီးသွားပြီး ညီအစ်ကိုတွေလို ဖြစ်သွားတယ်။ ကျွန်တော် ရုပ်ရှင်အမြုတေနဲ့ ရုပ်ရှင်အောင်လံမှာ အယ်ဒီတာလုပ်တော့ မြင့်ဦးဦးမြင့်ကို ကဗျာအယ်ဒီတာ လုပ်ဖို့ပြောတော့ သူလာလုပ်သေးတယ်။ နောက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ ရုပ်ရှင်လောကထဲရောက်ပြီး ကျွန်တော် ဇာတ်ညွှန်းတွေစရေးတော့ သူ့ကို လက်တွဲခေါ်ခဲ့တယ်။ ပထမပိုင်းတော့ သူစိတ်မဝင်စားဘူး။ နောက်တော့ သူလဲဇာတ်ညွှန်းတွေ လာရေးရင်းကနေ အကယ်ဒမီရတဲ့ထိ အောင်မြင်သွားပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြင့်ဦးဦးမြင့်သည် ကွယ်လွန်ချိန်ထိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ဇာတ်ညွှန်းအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်ကာ အကယ်ဒမီဆင်ဆာအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# Oppenheimer ဇာတ်ကား၏ဝင်ငွေ ရုပ်ရှင်ဈေးကွက်သုံးခု၌ Barbie ကို ကျော်လွန်

**နယူးယောက် ဩဂုတ် ၁၃**

ယူနီဗာဆယ်၏ Oppenheimer ဇာတ်ကားသည် နိုင်ငံတကာရုပ်ရှင်ဈေးကွက်သုံးခု၌ Barbie ဇာတ်ကားကို ကျော်လွန်ခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် ကမ္ဘာ့တစ်ဝန်းဝင်ငွေအရရော ပြည်တွင်းဝင်ငွေအရပါ ဝါနာဘရားသား၏ Barbie ဇာတ်ကားက Oppenheimer ဇာတ်ကားထက် သာလွန်လျက်ရှိသည်။

သို့ရာတွင် ဟောင်ကောင်၊ အိန္ဒိယနှင့် တူရကီရုပ်ရှင်ဈေးကွက်များတွင်မူ Oppenheimer ၏ဝင်ငွေသည် Barbie ဇာတ်ကားထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Oppenheimer ဇာတ်ကား၏ဝင်ငွေသည် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ဈေးကွက်တို့တွင်လည်း Barbie ဇာတ်ကား၏ ဝင်ငွေကို ကျော်လွန်နိုင်ဖွယ်ရှိသည်။

Barbie ဇာတ်ကား၏ လက်ရှိကမ္ဘာ့တစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထိရှိပြီး Oppenheimer ၏ ကမ္ဘာ့တစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၆၉ သန်းထိရှိကြောင်း သိရသည်။ KKO



# ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုအလုပ်ရုံများမှ စွယ်စုံဆင်ရုပ်များကို ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့က မှာယူမှုရှိနေ

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုရွာရှိ ပန်းပုအလုပ်ရုံများမှ စွယ်စုံဆင်ရုပ်များကို ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့က မှာယူမှုရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုရွာရှိ မြင့်မိုရိဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။


ယခုအခါ ပြည်ပနိုင်ငံများက ပန်းပုရုပ်များ အမြောက်အမြားမှာယူနိုင်သည့် အနေအထားသို့ မရောက်ရှိသေးသော်လည်း ပြည်တွင်းဈေးကွက် ပြန်လည်ကောင်းမွန်လာသည့်အတွက် ယခုကဲ့သို့ ပန်းပုရုပ်များ မှာယူလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ကတော့ ပန်းပုသမားတွေအတွက် လုပ်ငန်းအနေအထားက ပုံမှန်မရောက်သေးပေမဲ့ ပန်းပုအရောင်းဆိုင် တော်တော်များများလဲ လည်ပတ်နေသလို ပြည်တွင်းခရီးသွားတွေ အဝင်များတဲ့ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးဘက်က အမှာတက်လာတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်ကလဲမှာတယ်။ အခုလက်ရှိဆိုရင်တော့ အော်ဒါရထားတာ စွယ်စုံဆင်ရုပ်ပေါ့။ စွယ်စုံဆင်ရုပ်က အမြင့် ၁၃ လက်မ၊ အလျား ၁၈ လက်မရှိပါတယ်။ ကျွန်းသားနဲ့ ထုလုပ်ထားတာဖြစ်ပါတယ်။ ရောင်းတမ်းကတော့ တစ်ရုပ်ကို ငွေကျပ် ၂၅၀၀၀၀ ကျပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ပန်းပုရုပ်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်များ ထုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထားထုလုပ်နေရသော်လည်း လုပ်ငန်းများ ပြန်လည်လည်ပတ်လျက်ရှိကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla enjoy entertainment of State Orchestra





Senior General Min Aung Hlaing watches the performance of the State orchestra.

**Nay Pyi Taw August 13**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing enjoyed excellent entertainments of the State Orchestra of the MRTV under the Ministry of Information at the theatre of the Myawady Media Centre in Yankin Township this afternoon.

Also present at the entertainment together with the Senior General were Daw Kyu Kyu Hla, wife of the Senior General, Council Joint Secretary Lt-Gen Ye Win Oo and wife, Union ministers and wives, the Yangon Region Chief Minister, the Chief of the General Staff (Army, Navy and Air) and wife, high-ranking senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, officials, and renowned artistes from film, theatrical, music and fine arts arenas.

First, the master of ceremonies presented a brief report about international orchestras and the State Orchestra. Next, an animation video clip on the State Orchestra and musical instruments was screened.



Senior General Min Aung Hlaing presents a basket of flowers to the performers.



A tea party being hosted after the performance of the State orchestra.

When the State Orchestra played the national anthem, the Senior General and attendees saluted it.

The State Orchestra played the ASEAN Anthem and MNSO overture of the orchestra and other musical entertainments.

The Senior General, wife and dignitaries enjoyed Myanmar and foreign songs and musical entertainments of vocalists from MRTV, film and musical arenas to the accompaniment of the State Orchestra. After the entertainments, the Senior General and wife presented bouquets and cash awards to the State Orchestra and vocalists.

The Senior General, wife and party cordially greeted crew members of the State Orchestra and renowned artistes.

The Senior General and wife joined a tea party together with State dignitaries and artistes. After that, the Senior General cordially greeted the renowned artistes. 100

# Maui fire: 93 killed as governor warns of 'significant' death toll rise

**Honolulu August 13**

Ninety-three people have been confirmed killed in the Maui fire that razed the historic town of Lahaina, marking the most deadly US fire in a century.

The number of victims could rise "significantly", Hawaii Governor Josh Green warned on Saturday, as forensic work continues to identify the victims.

Hundreds remain unaccounted for while hundreds of others fill shelters across Maui after fleeing the flames.

"It's an impossible day," Mr Green said.

The fire will "certainly be the worst natural disaster that Hawaii ever faced", he said.

"We can only wait and support those who are living. Our focus now is to reunite people when we can and get them housing and get them health care, and then turn to rebuilding."

While the wildfires are now largely under control, efforts to fully extinguish them are continuing in parts of the island, including around Lahaina, which has been devastated.

Authorities have focused efforts on combing through what is left of the coastal area of the island, using sniffer dogs trained to detect bodies to look for signs of corpses under the rubble.

So far, they have covered only 3% of the search area, said a visibly emotional Maui Police Chief John Pelletier.

"You have to do rapid DNA [testing] to identify them, every one of these 89 are John and Jane Doe [initially unidentified]," he said.

"None of us really understand the size of this yet."

Jeremy Greenberg, a senior official at the Federal Emergency Management Agency (FEMA), has told the BBC that extra support being sent included urban search and rescue, and fire suppression teams.

"The absolute number one priority is survivor safety," he said. BBC

# Marle Nattaung dam to irrigate more than 3,200 acres of monsoon paddy


Photo shows part of the Marle Nattaung dam.

**Mandalay August 13**

Marle Nattaung Dam in Singu Township of Mandalay Region is scheduled to irrigate more than 3,200 acres of monsoon paddy plantations this year, said assistant director U Myo Min Thant of Mandalay Region Irrigation and Water Utilization Management Department.

The dam has 429.85 acre-feet of water at the water level and stores 13,815 acre-fee of water with usable volume of water at more than 6,400 acre-feet. Depending on the remaining water volume the dam will irrigate 3,258 acres of monsoon paddy plantation in Singu Township this year.

"The dam will supply water to the irrigated areas for having success of cultivation. The dam will start irrigation to monsoon paddy as from 15 August. Depending on rainfalls, sufficient water will be provided for farmers at full capacity. So, farmers need to systematically utilize the irrigated water," said the assistant director.

The dam fully irrigates its areas. Farmers cultivate monsoon and summer crops with a reliance on the irrigated water. In this regard, local farmers from Marle, Nattaung, Letpanhla, Wayongon, Shaukpinyoe, Khule, Kokko, Singu-2, Ngwetaung and Minywa villages utilize irrigate water in cultivation of crops. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Business of dried snakehead fish booming in Maubin

**Maubin August 13**

As demand of Yangon Region is high to purchase dried snakehead fish from Maubin Township of Ayeyawady Region, such kind of dried fish is marketable in Maubin, according to the businesspersons engaging in dried fish in the township.

Merchants from Yangon market offer to purchase dried snakehead fish from Maubin Township in August. So, local businesspersons from Maubin Township send 40-50 viss of dried snakehead fish to Yangon on a weekly basis. As such, those storing dried snakehead fish earn increased incomes.

"This year yield of dried fish is higher than previous years. Dried fish was made in open season this year. Now, these are marketable. We send dried fish to Yangon market due to offer of merchants. This year, we have a lot of dried fish to be sold in monsoon," said Daw Su Hlaing, a dried snakehead fish merchant from Maubin.

Local fishermen in Maubin Township produce two kinds of dried snakehead fishes. A large dried snakehead fish fetches K71,000 per viss, the medium sized one K52,000 and the small one K35,000.

Kyaw Kyaw Lin


A thriving dried snakehead fish farm.

# Plan to launch distribution of paddy husk ash fertilizer to local farmers in Yangon Region

**Yangon August 13**

A project is being implemented to distribute the fertilizer made of ash from paddy husk to local farmers in Yangon Region, said deputy director Dr Kay Thwe Khaing from the Department of Research and Innovation under the Ministry of Science and Technology.

The paddy husk ash fertilizer will be combined with urea fertilizer. Such a kind of fertilizer is manufactured systematically in line with the FAO guideline and it will be distributed to paddy farmers from Yangon Region.

"The Yangon Region government and the department will cooperate with each other in producing the paddy husk ash fertilizer. The department takes responsibilities of production technology. After conducting the tests for the fertilizer on the ground, it is produced under the FAO guideline. Such fertilizer must be used as one to three tons per acre of crops. Sample of paddy husk ash were taken from Thilawa industrial zone combined with urea fertilizer. According to the tests and research, the increased yield of paddy using that fertilizer can reach 8.4 baskets of paddy per acre," she disclosed.

Such kind of fertilizer has been used in paddy and pulses and beans plots on test. It needs to use three tons of such fertilizer per acre of paddy, one ton per bean and two tons per sunflower in four batches.

Such fertilizer will be distributed to Thanlwin, Kyauktan, Thongwa, Kayan, Twantay, Kungyangon, Kawhmu, Hlegu, Taikkyi and Hmawby townships which mainly cultivate paddy, pulses and beans and vegetables. ASH

# More than 300 domestic cows increases in breeding farms within five years

**Myothit August 13**

As Magway Region Livestock Breeding and Veterinary Department cooperates with Good Brother Co in operating Sanpya Cow Farm near 60th-milepost on Magway-Nay Pyi Taw road in order to increase domestic pedigree Myanmar cows, the farm saw increase of 360 cows within five years, said Head of the Magway Region Department Director Dr Myint Oo.

The cow farming task started in 2018 to breed domestic cow species and now, the farm has so far possessed 560 cows.

"Good Brother Co established the domestic cow farm on 26.16 acres of land under its 50-year plan near Yaypyae Village of Myothit Township. The farm accommodates 200 domestic cows and it accumulates 560 cows till 8 August 2023," said the director.

"The farm bought a domestic bull at a cost of K2.5 million from Ngazun Township to increase number of domestic cows. Such bull is used in reproduction of domestic cows from nearby villages free of charge. Moreover, if local farmers request to have reproduction for their cows, the department performs artificial insemination," said the director.

Currently, the cow farm of Good Brother Co manages 284 cows and operates co-farming with local farmers for 276 cows in nearby villages.

"If cattle farmers in Magway Region have technologies of breeding from the company, livestock farming will increase there. So, we allow local farmers to breed cows from the company as co-farmers as a chance for them to earn increased incomes. Moreover, we share livestock breeding technologies with those farmers," said U Aung Myo Oo, in-charge of the farm.

Po Htet (Minbu)

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Lockheed Martin ၏ Next-Gen Interceptor ပဏာမဒီဇိုင်းသုံးသပ်ချက် အောင်မြင်စွာပြုလုပ်နိုင်ခဲ့




Lockheed Martin ကုမ္ပဏီသည် ၎င်း၏မျိုးဆက်သစ် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည် Next-Gen Interceptor-NGI ၏ ပဏာမဒီဇိုင်း သုံးသပ်ချက်များကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၉ ရက်က The Defense Post တွင် ဖော်ပြထားသည်။

စမ်းသပ်မှုများနှင့် အကဲဖြတ်ဆန်းစစ်မှုများကို အချိန်မှန်တွင်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု သမိုင်းမှတ်တိုင်သည် လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အော်ပရေတာများအတွက် ဘေးအန္တရာယ်ကင်းစွာ တိုက်ပွဲဝင်နိုင်စွမ်းကိုတည်ဆောက်နိုင်ခဲ့သည့် ဒီဇိုင်းမျိုးဖြစ်ကြောင်း သက်သေပြနေသည်။

Lockheed Martin ကုမ္ပဏီ၏အဆိုအရ အဆင့်မြင့်ဒစ်ဂျစ်တယ် အင်ဂျင်နီယာပညာရပ်များနှင့် မော်ဒယ်-အခြေခံအင်ဂျင်နီယာသုံး ပစ္စည်းကိရိယာများ (Model-Based Engineering Tools)ကို အသုံးပြု၍ ခေတ်မီ၊ ပွင့်လင်းမြင်သာသော ချဉ်းကပ်မှုကို ဒီဇိုင်းပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းများကို လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည်ဟု သိရသည်။

Lockheed Martin ကုမ္ပဏီသည် ကျွန်ုပ်တို့၏ NGI ဖြေရှင်းချက်ဖြင့် လျင်မြန်သော တိုးတက်ဖွံ့ဖြိုးမှုကိုလုပ်ဆောင်နေပြီး ပျံသန်းမှုစမ်းသပ်ခြင်းဆီသို့ အချိန်မှန်တင်လုပ်ဆောင်ရန် ကျန်ရှိနေသေးသည်ဟု Lockheed Martin ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Sarah Reeves က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့ NGI အဖွဲ့သည် ခေတ်မီအဆင့်မြင့် NGI ဗိသုကာပညာကို သရုပ်ပြသရန်၊ ယုံကြည်မှုမြင့်မားစွာဖြင့် အသားကျ ခေတ်မီနည်းပညာများကိုအသုံးချကာ ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောဆိုခဲ့သည်။

ယခုအခါ အမေရိကန် ကာကွယ်ရေးကုမ္ပဏီကြီး Lockheed Martin သည် All-Up Round Review အလုံးစုံ ပြန်လည်သုံးသပ်ရေးနှင့် Critical Design Review အရေးကြီးသောဒီဇိုင်းပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းများပါဝင်သော NGI ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်ရန် နောက်ထပ်အဆင့်များအတွက် ပြင်ဆင်နေသည်။

Lockheed Martin ကုမ္ပဏီ၏ NGI သည် စစ်ဘက်နှင့်အရပ်ဘက်ပိုင်ဆိုင်မှုများအတွက် ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများမှ တိုးမြှင့်ကာကွယ်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ခေတ်မီပြီးစွမ်းဆောင်ရည်မြင့်မားသော လက်နက်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆင့်မြင့် Hit-To-Kill နည်းပညာပါရှိပြီး ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် ရန်သူ့ဒုံးကျည်များကို Body-To-Body တိုက်ရိုက်ထိမှန်ဖျက်ဆီးနိုင်သည်။

ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းအပြင် လက်နက်စနစ်သည် ရန်သူ့ဒုံးကျည်ပစ်လွှတ်မှုများကို စိစစ်ခွဲခြားသတ်မှတ်နိုင်ပြီး ပစ်မှတ်များကိုခြေရာခံ၍ ၎င်း၏လမ်းကြောင်းကို တွက်ချက်ကာ ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ကို လမ်းညွှန်ထိန်းကျောင်း ပေးနိုင်ကြောင်း သိရသည်။

မျိုးဆက်သစ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် NGI ကို ၂၀၂၇ ခုနှစ်တွင် တိုက်ပွဲဝင်အသင့် အပြည့်အဝအသုံးပြုနိုင်လိမ့်မည်ဟု မျှော်မှန်းထားပြီး အမေရိကန် ဒုံးကျည်ကာကွယ်ရေးအေဂျင်စီထံ လွှဲပြောင်းပေးပို့နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

NGI ပရိုဂရမ်အတွက် Lockheed Martin ကုမ္ပဏီ၏ ပြိုင်ဘက်ဖြစ်သော အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီကလည်း ၂၀၂၇ ခုနှစ်တွင် ပထမဆုံးရှေ့ပြေးနမူနာပုံစံကို ထုတ်လုပ်ပေးနိုင်ရန် အချိန်အဟုန်ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်မည့်အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

Lockheed Martin ကုမ္ပဏီသည် သတ်မှတ်အချိန်ကာလမတိုင်မီ သုံးလအလိုတွင် စနစ်လိုအပ်ချက်များ ပြန်လည်သုံးသပ်ခြင်းကို အပြီးသတ်နိုင်ခဲ့ကြောင်း သတင်းရရှိပြီး ယခုအခါ ပဏာမဒီဇိုင်း ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်လျက်ရှိသည်။

၎င်းသည် ၂၀၂၅ ခုနှစ် အစောပိုင်းတွင် လုပ်ဆောင်ရန် ကနဦးလျာထားချက်မှ ၂၀၂၄ ခုနှစ်ကုန်သို့ရွှေ့ပြောင်းကာ အရေးကြီးသော ဒီဇိုင်းပြန်လည်သုံးသပ်ခြင်းကို လုပ်ဆောင်သွားနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်ဟု Northrop Grumman ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Lisa Brown ၏ ပြောကြားချက်အပေါ် ကိုးကား၍ Breaking Defense က ရေးသားထားကြောင်း သိရသည်။

**Lockheed's Next-Gen Interceptor Passes Preliminary Design Review ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံတွင် Patriot ဒုံးကျည်များ တပ်ဖြန့်ချထားမှုကိုသက်တမ်းတိုးရန် ဂျာမနီကမ်းလှမ်းထား

ဂျာမနီနိုင်ငံသည် ပိုလန်နိုင်ငံတွင် ၎င်း၏ Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များ တပ်ဖြန့်ချထားမှုကို ယခုနှစ်ကုန်ထိ သက်တမ်းတိုးချထားရန် ကမ်းလှမ်းထားကြောင်း ဩဂုတ် ၈ ရက်က ဂျာမနီကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် ယူကရိန်းတို့ဘက်က လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ဖြင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆထားသော ပိုလန်နယ်စပ်ရွာတစ်ရွာ၌ အသေအပျောက်များသည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက် ဂျာမနီနိုင်ငံသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက Patriot လက်နက်စနစ် သုံးစုံကို ပိုလန်နိုင်ငံထံ ပို့ဆောင်တပ်ဖြန့်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအနေဖြင့် စစ်ဘက်၏ကိုယ်ပိုင်လက်နက်တိုက်မှ စစ်လက်နက်ပစ္စည်းများကုန်ခန်းပြတ်လပ်မှုမရှိစေရန် ကြိုးပမ်းနေသောကြောင့် အဆင့်မြင့် အမေရိကန်ထုတ် Patriot လက်နက်စနစ်များ ဖြန့်ကြက်ချထားမှုသည် မူလကအများဆုံး ခြောက်လထိ ကြာမြင့်မည်ဟု ထုတ်ဖော်ပြောကြားထားသည်။

သို့သော် ပိုလန်နိုင်ငံတွင် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို လာမည့်နှစ်ကုန် နွေရာသီထိ တပ်ဖြန့်ချထားချိန် တိုးမြှင့်ထားရှိရန် ကမ်းလှမ်းထားသည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ပိုလန်နိုင်ငံတွင် လက်နက်စနစ်များတပ်ဖြန့်ချထားမှုသည် ၂၀၂၃ ခုနှစ်ထက်ကျော်လွန်၍ လုပ်ဆောင်ပေးသွားရန်အစီအစဉ်မရှိကြောင်း ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်မှစတင်၍ NATOအဖွဲ့၏ အလျင်အမြန် တုံ့ပြန်ရေးတပ်ဖွဲ့အတွက် အရေးကြီးသော ပံ့ပိုးကူညီမှုများပြုလုပ်သွားရန်ရှိနေကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ပိုလန်နိုင်ငံတွင်သာမက စလိုဗက်ကီးယားနှင့် လစ်သူယေးနီးယားနိုင်ငံတို့တွင်လည်း Patriot ဒုံးကျည်စနစ်များကို မကြာသေးမီက ဖြန့်ကြက်ချထားခြင်းသည် တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများကို ဖြန့်ခွဲချထားချိန် သက်တမ်းတိုးရန်အတွက် အစီအမံများ လိုအပ်သည်ဟုဆိုသည်။

ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် အစပိုင်း၌ ပိုလန်နိုင်ငံတွင် တပ်ဖြန့်ရန် အစီအစဉ်အစား ယူကရိန်းသို့ ဂျာမနီတို့၏ Patriot လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ ပေးပို့သွားရန် တောင်းဆိုခဲ့သည်။

နောက်ပိုင်းတွင်မှ ပိုလန်နိုင်ငံတွင် တပ်ဖြန့်ရန်အစီအစဉ်ကို လက်ခံသဘောတူခဲ့သည်။ ယူကရိန်းသို့ စစ်လက်နက်များ အဓိကပံ့ပိုးပေးနေသည့် ဂျာမနီနိုင်ငံအနေဖြင့်လည်း Patriot ဒုံးကျည်စနစ် တစ်စုံကို ယူကရိန်းသို့ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။



**Berlin Offers to Extend Patriot Missile Deployment in Poland ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက်ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလောက် ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးသလောက် ပိဿာချိန် ၂၉၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက်ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးသလောက်များ ပြီးခဲ့သည့်လထက် ပိဿာချိန် ၁၂၅၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးသလောက်တွေ ရန်ကုန်ဈေးကွက်ကို အဆင်ပြေသလို တင်ပို့ရောင်းချနေတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက် ပိဿာချိန် ၁၂၅၀၀ ထိပိုပြီးတော့ တင်ပို့ရောင်းချခဲ့ရတယ်။ အခု ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် ၁၀ ကျပ်သားကနေ ၂၅ ကျပ်သားထိ တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေတယ်။ ၂၅ ကျပ်သားနဲ့အထက်တွေက တစ်ပိဿာကို ငွေကျပ် ၅၈၀၀၀ ထိဈေးပေါက်နေတယ်။ အရွယ်အစားပေါ်မူတည်ပြီး ဈေးကပြောင်းလဲသွားတာပေါ့။ လက်ရှိလဲ ငါးသလောက်တွေ ဝယ်ယူမှုကောင်းနေပါတယ်။ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေတယ်။ အခုလို ဈေးကောင်းရတော့ ရေလုပ်သားတွေ အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြသည်။

အဆိုပါ ငါးသလောက်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးသလောက်များ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းထွေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ရွာလေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရွာလေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ရွာလေးကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာလေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၉၅ သိန်းနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၄၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# မိုးနဲမြို့နယ် မယ်ဇလီမြိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးနဲ ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မယ်ဇလီမြိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မယ်ဇလီမြိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မယ်ဇလီမြိုင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားတင် သဲဖြူနှံခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မယ်ဇလီမြိုင်ကျေးရွာရှိ အိမ်ခြေ ၂၁၄ အိမ်၊ လူ ၁၀၂၂ ဦးတို့၏ စိုက်ပျိုးမြေလယ်ယာဧက ၁၀၇၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗိုလ်(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)





နိုင်ငံတော်သံစုံတီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများက မတ်တတ်ရပ်အလေးပြုကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ ကျောဖုံးမှအဆက်

အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဦးစွာ ဖျော်ဖြေပွဲအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက နိုင်ငံတကာသံစုံတီးဝိုင်းများနှင့် နိုင်ငံတော်သံစုံတီးဝိုင်း အကြောင်းအရာ အကျဉ်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် တူရိယာများဆိုင်ရာ Annimation Video Clip ကို တင်ဆက်ပြသသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက မတ်တတ်ရပ်အလေးပြုကြသည်။

ဆက်လက်ပြီး ASEAN Anthem သံစဉ်နှင့် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမတေးသွား(MNSO Overture)တို့ကိုလည်းကောင်း၊ တူရိယာအမျိုးအစားများအလိုက် တီးမှုတ်တင်ဆက်၍လည်းကောင်း နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့သားများက ဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့သားများနှင့် နိုင်ငံကျော်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အတူတွဲဖက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များ၊ နိုင်ငံကျော်ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက မြန်မာသံစဉ်များ၊ ခေတ်ပေါ်သံစဉ်များနှင့် နိုင်ငံတကာကမ္ဘာကျော်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်သံစုံတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များကို ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေရေး အဖွဲ့သူ၊ အဖွဲ့သားများနှင့် တက်ရောက်လာကြသည့် နိုင်ငံကျော်အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ စာမျက်နှာ ၁၉ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖျော်ဖြေပွဲသို့တက်ရောက်လာကြသူများ၊ နိုင်ငံကျော်အနုပညာရှင်များနှင့်အတူ လက်ဖက်ရည်ဝိုင်းတွင် အတူတကွသုံးဆောင်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေပွဲသို့တက်ရောက်လာ ကြသူများ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် လက်ဖက်ရည်ဝိုင်းတွင် အတူတကွသုံးဆောင် ကြပြီး သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံ အုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က နိုင်ငံကျော်အနုပညာရှင်များကို ရင်းရင်း နှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

(၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါး ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (8th ASEAN Ministrial Meeting on Drug Matter - AMMD)ကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်ထိ လာအို နိုင်ငံ ဗီယန်ကျင်း မြို့၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံမူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင် ခြောက်ဦး တက်ရောက်ခဲ့ပြီး







အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တွင် လာအိုနိုင်ငံ ဗီယန်ကျင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ညနေပိုင်း တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်အရာရှိ ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။

(၈)ကြိမ်မြောက် အာဆီယံမူးယစ် ဆေးဝါးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်း အဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ ကိုယ်စား လှယ်များတက်ရောက်ကြပြီး လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး H. E. Pol. Gen. Vilay Lakhamfong က အဖွင့်အမှာ စကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကမ္ဘာပေါ်ရှိနိုင်ငံအများစု၌ လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ သည် အဓိကခြိမ်းခြောက်လျက်ရှိသည့် ပြဿနာဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်း ကျူးလွန်သူ ဂိုဏ်းအဖွဲ့များ ကွန်ရက် ကျယ်ပြန့်မှု၊ မှောင်ခိုဈေးကွက်ချဲ့ထွင်လာမှု များကြောင့် မူးယစ်ဆေးဝါးပြဿနာကို ပိုမို ရှုပ်ထွေးလာစေကြောင်း၊ မူးယစ်ဆေးဝါး မှုခင်းများနှင့်ဆက်နွှယ်နေသည့် ငွေကြေးခဝါ ချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် မှုခင်းများကို အထောက်အပံ့ဖြစ် စေပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ် အဖြစ် ဆက်လက်တည်ရှိနေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများ ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု တို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ် ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

ဘိန်းစိုက်ပျိုးရာဒေသများ၌ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက် မပြတ် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင် သဖြင့် နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက် မှုသည် အလွန်အရေးကြီးပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း နိုင်ငံရေးရောယှက်မှုများကင်းရှင်းစွာ သတင်း အချက်အလက်ဖလှယ်မှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်သွားရန်လိုအပ် မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက် ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အတွေ့အကြုံကောင်းများ၊ ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်ကောင်းများ ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်တွင် မူးယစ် ဆေးဝါးကင်းစင်သော အာဆီယံအသိုက် အဝန်းဖြစ်စေရေး အားလုံးအတူတကွ လက်တွဲ ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ အာဆီယံကိုယ်စား လှယ်ခေါင်းဆောင်များက (၆၇)ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (CND)အစည်းအဝေးတွင် ထုတ်ပြန် ကြေညာမည့် အာဆီယံပူးတွဲကြေညာချက် နှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ အာဆီယံ ၏ လတ်တလောမူးယစ်ဆေးဝါးအခြေအနေ များ၊ (၄၄)ကြိမ်မြောက် အာဆီယံမူးယစ် ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဘေးကင်း လုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး၊ မူးယစ် ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်း စီမံချက် (၂၀၁၆-၂၀၂၅)နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများ တွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H. E. Pol. Gen. Vilay Lakhamfong ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့နှင့် Bilateral တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာအရ နှစ်စဉ် အပြန် အလှန်အစည်းအဝေးများ ပြန်လည်စတင် ဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသ ထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် Online လိမ်လည် ရာဇဝတ်မှုများတိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့ကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်း စေမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် လာအိုနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာန ဝန်ကြီး H. E. Pol. Gen. Vilay Lakhamfong က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ဖလှယ်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ကြိုတင်ရောက်ရှိ နေသည့် မြန်မာနိုင်ငံ မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်း ရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီး အဆင့်အစည်းအဝေး၏ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်း အစည်းအဝေးကို တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဇူလိုင် ၅ ရက်မှ ၇ ရက်ထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး သဘာပတိ အဖြစ်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ASOD အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင် က ယင်းအစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက် တွဲဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကျဉ်းချုပ်ဆွေးနွေးတင်ပြခဲ့ပြီး သက်ဆိုင် ရာအဖွဲ့ဝင်နိုင်ငံများက (၆၇)ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် (CND)အစည်း အဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက် (မူကြမ်း)နှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါး ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး အစီအစဉ်နှင့် သဘာပတိမိန့်ခွန်းပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ အာဆီယံမူးယစ် ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်း အစီရင်ခံစာ ၂၀၂၂ ခုနှစ် ထုတ်ပြန် နိုင်ရေးများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစာကြည့်တိုက် (နေပြည်တော်)လုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရှင်းလင်းဆောင်၌ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာဖတ်ရှုသူဦးရေ ယခုထက်ပိုမိုများပြားစေရေးအတွက်ဖိတ်ခေါ်၍ စာဖတ်ရှုသူများပြားလာစေရန် ပညာပေးလှုပ်ရှားမှုများ၊ စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အဆင်ပြေချောမွေ့စွာဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ အလင်္ကာကျော်စွာစည်သူ တက္ကသိုလ်မြတ်သူ စာစုခန်း၊ ကလေးစာဖတ်ခန်း၊ အီလက်ထရွန်နစ်စာဖတ်ခန်း၊ Bibliographic Services ဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ်၊ Data Center တည်ဆောက်ထားမှုနှင့် e-Library စနစ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့်ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# လဟယ်မြို့နယ် မွန်ထွေကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မွန်ထွေကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူ ၆၂ ဦးတို့ကို သွေးတိုးရောဂါ၊ အထွေထွေအားနည်းရောဂါ၊ ဖျားနာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ယင်းသို့ ဆောင်ရွက်နေမှုများကို ချီးကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ် နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့က မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ကွင်းဆင်းဆေးကုသမှုများဆောင်ရွက် အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကိုအမီလိုက် (Catch-up) နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**နေပြည်တော် ဩဂုတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာနသည်ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး၊ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရေးနှင့် အထူးကုသမှုများ(Super Speciality) လိုအပ်သော ပြည်သူများကို သက်ဆိုင်ရာပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ကုသမှုများ ရရှိနိုင်စေရန်အတွက် အထူးကုဆေးကုသရေးအဖွဲ့များအနေဖြင့် ကွင်းဆင်းကုသမှု အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) တို့မှ နှလုံးရောဂါဆေးပညာ၊ အသည်းရောဂါဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊သွေးရောဂါပညာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၁၂ ရက်မှ ယနေ့ထိကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့သွားရောက်၍ ပြည်သူ့ဆေးရုံကြီးမကွေးမြို့မှ ပါမောက္ခ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေး အစီအစဉ် နှစ်ရက်တာကာလအတွင်း နှလုံးရောဂါဆိုင်ရာ ၇၅ ဦး၊အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၃၄ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာ ၇၆ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာခုနစ်ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ ၆၃ ဦး၊ သွေးရောဂါဆိုင်ရာ ၁၂ ဦး၊ အသည်းရောဂါဆိုင်ရာ၂၂ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၃၃ဦး၊ အရိုးအကြောအဆစ်ဆိုင်ရာ ၉၆ ဦး စုစုပေါင်းလူနာ ၅၁၈ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး မကွေးမြို့ပေါ်သာမက မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်မှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများပါလာရောက်ပြသခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း (Echocardiog-raphy) ၃၃ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း(OGDS) ကိုးဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) နှစ်ဦး၊ ကွန်ပြူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၁ ဦး၊ သံလိုက်ဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (MRI) ခြောက်ဦး၊ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၁၅၇ ဦး၊ဓာတ်ခွဲစမ်းသပ်သူ၅၁၈ဦး၊ သွေးချိုဓာတ်(HbA1c)တိုင်းတာခြင်း ၈၆ ဦး၊ Ultrasound ရိုက်ကူးခြင်း ၈၁ ဦး၊ ECG ရိုက်ကူးခြင်း ၁၉၄ ဦး၊ခါးရိုးဆစ်အရည်ဖောက်၍စမ်းသပ်စစ်ဆေးသူတစ်ဦး၊ အရိုးသိပ်သည်းဆစမ်းသပ်ခြင်း (Bone-Dexa Scan) လေးဦး၊ ဒူးခေါင်းတွင်းဆေးထိုး၍ကုသပေးသူ လေးဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး နှလုံးရောဂါ ဆက်လက်ကုသရန်လိုအပ်သူ တစ်ဦးကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ဦးနှောက်တွင်းသွေးခဲနေသော လူနာတစ်ဦးကိုခွဲစိတ်ကုသမှုဆောင်ရွက်ရန် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ လည်းကောင်း ဆက်လက်လွှဲပြောင်းကုသမှုပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်တွင်လည်းအလားတူအစီအစဉ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်စဉ်မွေးဖွားလျက်ရှိသော ကလေးငယ်များကို အသက်အရွယ်အလိုက် လိုအပ်သော ပုံမှန်ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ဩဂုတ် ၁၂ တွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ပံ့ပိုးကြီးကြပ်မှုဖြင့် မကွေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့က အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများအနက်မှ ကာကွယ်ဆေး လုံးဝမရရှိသေးသော ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသည့် ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး(bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(IPV)၊ ဝက်သက်ဂျိုက်သိုး ရောဂါကာကွယ်ဆေး(MR)၊ ငါးမျိုးစပ် ကာကွယ်ဆေး(Penta)တို့ကို ကလေးဦးရေစုစုပေါင်း ၈၀ ကိုလည်းကောင်း၊ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ကလေး ၃၃ ဦးကိုလည်းကောင်း၊ မင်းဘူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကလေး ၄၄ ဦးကိုလည်းကောင်း ထိုးနှံ၊ တိုက်ကျွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး



PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မီးရှို့ဖျက်ဆီးခံမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၊မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးဖြစ်သူအပါအဝင်ကျေးရွာရှိ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ကျေးရွာစာသင်ကျောင်းအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဩဂုတ် ၁၁ ရက် နံနက် ၃ နာရီခန့်တွင် လက်နက်ငယ်များကိုင်ဆောင်၍ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေသည့် ဦးအုန်းဖေနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မိုးအပါအဝင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အားမီးရှို့ဖျက်ဆီးကာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးနေသည့် အပြစ်မဲ့ပြည်သူများ၏ အလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ မေတ္တာမွန်လူမှုကူညီရေးအသင်းပိုင် Alphard အမျိုးအစား မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့စဉ် နံနက်၁၀ နာရီခန့်တွင်နွားထိုးကြီး - မြင်းခြံ သွားကားလမ်း မိုးကန်ကျေးရွာအနီးသို့ အရောက်၌ လမ်းညာဘက် ၁၀ ပေခန့်အကွာမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းများဖြင့် ထပ်မံဖောက်ခွဲ တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် ကျေးရွာစာသင်ကျောင်းအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်း စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါလုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်းဩဂုတ် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ဆောင်ခဲ့သည့် "Tun Tun Lin" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကုန်းမြင့်သာယာရပ်ကွက်နေ ထွန်းထွန်းလင်း(ခ) ပေတိုးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "May Yati Khin" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ခမုံကျေးရွာနေ မေရတီခင်ကို မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "Jay Ci" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညပ်ကျေးရွာနေ ဂိုးလစ်ကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တူရကီနိုင်ငံတွင် တစ်ရက်အတွင်း ငလျင်သုံးကြိမ်လှုပ်ခတ်ခဲ့



**အင်ကာရာ ဩဂုတ် ၁၃**

တူရကီနိုင်ငံတွင် ဩဂုတ် ၁၂ ရက်က ငလျင်သုံးကြိမ်လှုပ်ခတ်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်သော သတင်းများကို ကိုးကား၍ Daily Sabah သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံ Malatya ပြည်နယ်တွင် ဩဂုတ် ၁၀ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်တစ်ခု လှုပ်ခတ်ပြီးနောက် ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၃၉ မိနစ်တွင် ၄ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ပြီး တစ်မိနစ်အကြာတွင် ၄ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကာ နောက်ထပ် တစ်နာရီခန့်အကြာတွင် ၄ ဒသမ ၂ မဂ္ဂနီကျူရှိ တတိယမြောက်ငလျင် ထပ်မံလှုပ်ခတ်ခဲ့သဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

ငလျင်သုံးကြိမ်စလုံးသည် Malatya ပြည်နယ် Yesilyurt ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၁၀ ရက်က လှုပ်ခတ်ခဲ့သောငလျင်နှင့် လှုပ်ခတ်မှုဗဟိုချက်ချင်း တူညီပြီး မြေအောက်အနက် ၃ ဒသမ ၉ မိုင်အကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ အဆောက်အအုံပျက်စီးမှုများ၊ လူထိခိုက်သေဆုံးမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီခါယာက ပြောကြားသည်။

Malatya ပြည်နယ်အနီးရှိ Sanliurfa ပြည်နယ်အပါအဝင် အနီးနားဒေသများပါ ငလျင်လှုပ်ခတ်မှုဒဏ်ကို သိသိသာသာခံစားခဲ့ရကြောင်း သိရသည်။

AZH

# အိန္ဒိယတွင် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် အဓိကမြစ်ကြီးများ၌ ရေမြင့်တက်မှုထပ်မံဖြစ်ပွားနိုင်

**နယူးဒေလီ ဩဂုတ် ၁၃**

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် အဓိကမြစ်ကြီးများ၌ ရေမြင့်တက်မှုထပ်မံဖြစ်ပွားလာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဩဂုတ် ၁၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားကြောင်း Hindustan Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ Gautam Budh Nagar ခရိုင်တွင် လာမည့်ငါးရက်အတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ယမုံနာ၊ ရှာဒါ၊ ဟိန္ဒူနှင့် ဂင်္ဂါ စသောမြစ်ကြီးများ၌ မြစ်ရေများ ထပ်မံမြင့်တက်လာနိုင်ကြောင်း ခရိုင်အုပ်ချုပ်ရေးအဖွဲ့က ဩဂုတ် ၁၂ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်လကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါမြစ်ကြီးများတွင် မြစ်ရေမြင့်တက်ခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လူထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ ယခုအခါ မြစ်အောက်ပိုင်းဒေသများတွင် နေထိုင်သော ဒေသခံရွာသားများကို ကြိုတင်ကာကွယ်မှုများပြုလုပ်သည့်အနေဖြင့် ဘေးလွတ်ရာသို့ပြောင်းရွှေ့နေထိုင်ကြရန် Gautam Budh Nagar ခရိုင် အုပ်ချုပ်ရေးမှူးက တောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ကလည်း တင်းကျပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီး မြစ်ချောင်းများတွင် ရေချိုးခြင်းမပြုကြရန်နှင့် ထုတ်ပြန်ချက်များကို မလိုက်နာပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

ခရိုင်ဆည်မြောင်းဌာန၏ ထုတ်ပြန်ချက်များအရ ဟိန္ဒူမြစ်ရေ၏ ရေမျက်နှာပြင်သည် လက်ရှိတွင် ၁၉၉ ဒသမ ၁၅ မီတာတွင် ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၂၀၅ ဒသမ ၀၈ မီတာဖြစ်ကြောင်းနှင့် ယမုံနာမြစ်ရေသည် လက်ရှိတွင် ၁၉၆ မီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၂၀၀ ဒသမ ၆ မီတာဖြစ်ကြောင်း သိရသည်။

AZH

# ကနေဒါနိုင်ငံ အာဒမ်လိတ်နယ်မြေတွင် လောင်ကျွမ်းနေသည့်တောမီး စတင်ထိန်းချုပ်နိုင်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြားချက် ပြန်လည်ရုပ်သိမ်း

**အော့တာဝါ ဩဂုတ် ၁၃**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် အာဒမ်လိတ်နယ်မြေတွင် ဩဂုတ်လပထမပတ်ကတည်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဩဂုတ် ၁၂ ရက်တွင် တောမီးကို စတင်ထိန်းချုပ်နိုင်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Global News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၂၉၀၀ ကျော်ထိရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သည့်အတွက် ကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်သည့် ဒေသခံများ နေရပ်သို့ပြန်နိုင်ပြီဖြစ်ကြောင်း၊ သို့သော်လည်း တောမီးလောင်ကျွမ်းမှုကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခြင်း မရှိသေးသည့်အတွက် တောမီးအန္တရာယ်သတိပေးချက်ကို သတိပြုရန်လည်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

“ဩဂုတ်လပထမပတ်ကစတင်ပြီး အာဒမ်လိတ်နယ်မြေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးကြောင့် ဒေသခံအယောက် ၂၉၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဩဂုတ် ၁၂ ရက်မှာတော့ တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ခဲ့လို့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဒါကြောင့် ဒေသခံတွေအနေနဲ့လဲ နေရပ်ကိုပြန်နိုင်ပြီဖြစ်ပါတယ်”ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ခိုင်းဆက်**



# ရုရှားနိုင်ငံတွင် ခါနန်မုန်တိုင်းအခြေအနေ ငြိမ်သက်သွားပြီဖြစ်သဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေ

**မော်စကို ဩဂုတ် ၁၃**

ရုရှားနိုင်ငံတွင် ခါနန်မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်သဖြင့် ရုရှားအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ရှင်းလင်းရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု TASS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မော်စကိုမြို့အပါအဝင် အရှေ့ဖျားဒေသများတွင် ခါနန်မုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ အိမ်ခြေ ၄၃၆၈ အိမ်နှင့် အထပ်မြင့်အဆောက်အအုံခုနစ်လုံးထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် နယ်မြေမှာ ပရီမော်ရီနယ်မြေဖြစ်ပြီး ဆက်သွယ်သွားလာရေးလမ်းမကြီးများ ရေလွှမ်းနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများကလည်း တစ်နေရာမှ တစ်နေရာသို့ သွားလာရန်အတွက် အသက်ကယ်လှေများကို အသုံးပြုနေရသည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

“ရေဘေးသင့်ပြည်သူတွေကို ပံ့ပိုးပစ္စည်းတွေ ပို့ဆောင်ရာမှာ M-8 ရဟတ်ယာဉ်နဲ့ လေယာဉ်အသေးစားတချို့ကို အသုံးပြုပြီး ပို့ဆောင်ပေးနေပါတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးနေပါတယ်”ဟု ရုရှားအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုရှားအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး လမ်းမကြီးများထက်တွင် ရေလွှမ်းနေသည့်ပြဿနာကို ဦးစားပေးဖြေရှင်းဆောင်ရွက်နေကြောင်း သိရသည်။ **ခိုင်းဆက်**

# SLT သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့ကို ဖျက်သိမ်းမည့်ဆုံးဖြတ်ချက် ပြင်သစ်တရားရုံးချုပ် ဆိုင်းငံ့

**ပဲရစ် ဩဂုတ် ၁၃**

ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းသည် Les Soulevements de la Terre (SLT) ဟု အမည်ပေးထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့ကို အကြမ်းဖက်လှုံ့ဆော်မှုဖြင့် တရားစွဲဆိုထားရာ တရားရုံးချုပ်က တရားစီရင်မှုပြုလုပ်နေပြီး SLT အဖွဲ့ကိုဖျက်သိမ်းရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ဖျက်သိမ်းမည့်ဆုံးဖြတ်ချက်ကို ဆိုင်းငံ့လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု France24 သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရားရုံးချုပ်က SLT အဖွဲ့အနေဖြင့် အကြမ်းဖက်လှုံ့ဆော်မှုပြုလုပ်နေသည်ဆိုသော စွဲချက်ကို စစ်ဆေးမှု ပြုလုပ်ခဲ့သော်လည်း သက်သေအထောက်အထား မခိုင်လုံသည့်အတွက် အဖွဲ့ကိုဖျက်သိမ်းရေး အမိန့်ချမှတ်ရန် ခက်ခဲသည့်အခြေအနေကြောင့် ဆိုင်းငံ့ထားခြင်းလည်းဖြစ်ကြောင်း၊ SLT အဖွဲ့ကို ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်ရှားမှုများဆောင်ရွက်ရန် တားမြစ်ချက်ထုတ်ပြန်ခဲ့ပြီး ၎င်းအဖွဲ့ကို ဖျက်သိမ်းရန်ထိ ဆောင်ရွက်လာခြင်းဖြစ်ကြောင်း သိရသည်။

“တရားရုံးချုပ်က SLT အဖွဲ့ကို ဖျက်သိမ်းသွားမဲ့ကိစ္စနဲ့ပတ်သက်ပြီး အထောက်အထားမခိုင်လုံတဲ့အတွက်ကြောင့် တရားစီရင်မှုကို ပြန်လည်စဉ်းစားနေတယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ အဖွဲ့ကိုဖျက်သိမ်းဖို့ စီစဉ်ထားပေမဲ့လဲ ဖျက်သိမ်းမဲ့အစီအစဉ်ကို ဆိုင်းငံ့လိုက်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်”ဟု ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

SLT အဖွဲ့သည် ပြီးခဲ့သည့်မတ်လက ပြင်သစ်အနောက်ဘက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့သကဲ့သို့ ပြီးခဲ့သည့်ဇြေလကလည်း အဲလ်ပ်တောင်တန်းတွင် ရထားလမ်းဖောက်လုပ်မှုကို ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း၊ အဆိုပါဆန္ဒထုတ်ဖော်မှုများတွင် ၎င်းတို့ကိုတားမြစ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များဖြင့် အဓိကရုဏ်းဖြစ်ပေါ်ခဲ့ပြီးနောက် ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက အကြမ်းဖက်လှုံ့ဆော်မှုစွဲချက်ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဘီပိုး၊ စီပိုးအတွက် အကောင်းဆုံးအိမ်တွင်းကုထုံးများ

ပေါက်ပေါက်

ဘီပိုး၊ စီပိုးကို "အသည်းရောင်အသားဝါပိုး"ဟုဆိုသော်လည်း အသားမဝါဘဲ အသည်းရောင်သောသူများလည်းရှိကြသည်။ ထို့ကြောင့် ဆေးပညာနယ်ပယ်တွင် အသည်းရောင်ဗိုင်းရပ်ပိုး (Hepatitis) ဟုသာ ခပ်တိုတိုခေါ်ဆိုလေ့ရှိသည်။ ယနေ့ကမ္ဘာတွင် ဘီပိုး၊ စီပိုးရောဂါကြောင့် အသက်သေဆုံးမှုမှာ ကြောက်စရာကောင်းလောက်အောင် များပြားနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သုံးသပ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်နေသည့်အချိန်မှာပင် ကမ္ဘာတစ်ဝန်း စက္ကန့် ၃၀ လျှင် လူတစ်ဦးနှုန်း အသည်းရောင်ရောဂါကြောင့် သေဆုံးနေသည်ကို တွေ့ရကြောင်း သတိပေးထားသည်။

သို့သော် စိတ်မညစ်ပါနှင့်။ ဘီပိုးရှိသူ ဝေဒနာသည်၏ ၈၅ ရာခိုင်နှုန်းကို ဘီပိုးကုသဆေးမလိုအပ်ပေ။ ၁၅ ရာခိုင်နှုန်းကိုသာ ဘီပိုးသတ်ဆေးဖြင့် ကုသရန်လိုပါသည်။ စီပိုးရှိသူအတွက် ယခုအခါ နောက်ဆုံးပေါ်စီပိုးသတ်ဆေးများလည်း ပေါ်ပေါက်လာပြီဖြစ်သည်။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ဘီပိုးရှိသူများအတွက် အမြစ်ပြတ် ပျောက်ကင်းကုသရန် ဆေးဝါးမပေါ်သေးသော်လည်း သက်တမ်းစေ့နေနိုင်ပါသည်။ ရောဂါမရှိသေးသူများအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသည်းရောင်ဘီပိုးကာကွယ်ဆေးကို လစဉ်ဆက်တိုက် သုံးကြိမ်ထိုးနှံပါက အသည်းရောင်ဘီမှ ကာကွယ်ထားနိုင်သည်။ မွေးကင်းစကလေးများအတွက် ကာကွယ်ဆေးငါးမျိုးစုံ (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်ဘီ၊ ဦးနှောက်ရောင်) ရောဂါကာကွယ်ဆေးကို ကလေး နှစ်လ၊ လေးလနှင့် ခြောက်လသားတွင် ထိုးနှံပေးထားခြင်းဖြင့် ၎င်းရောဂါ ဖြစ်မလာစေတော့ပေ။

ဗဟုသုတတစ်ရပ်အနေဖြင့် မျှဝေရပါလျှင် အသည်းရောင်ရောဂါ-စီသည် အမေရိကန်နိုင်ငံ၌ အဖြစ်အများဆုံးရောဂါတစ်မျိုးဖြစ်ပြီး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၁၉၉၈ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားကာလအတွင်း အမေရိကန်ကိုယ်ဝန်ဆောင်မိခင်လောင်းများကြား အသည်းရောင်ရောဂါ-စီ ဖြစ်ပွားလာမှုမှာ ၁၆ ဆ မြင့်တက်လာကြောင်း၊ ၎င်းရောဂါပိုးကြောင့် သန္ဓေသားဖွံ့ဖြိုးမှုပြဿနာများနှင့် နေ့မစေ့၊ လမစေ့ မီးဖွားခြင်းကဲ့သို့ ပြဿနာများလည်း မြင့်တက်လာနိုင်ကြောင်း၊ ထိုသို့ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာမှုသည် မူးယစ်ဆေးဝါး ထိုးသွင်းမှုနှင့် ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဌ္ဌန်ဟော့ကင်းတက္ကသိုလ်မှ သုတေသီများကပြောကြားကြောင်း လေ့လာသိရှိရပါသည်။

**ဘီပိုးနှင့်စီပိုးကွာခြားချက်**

အသည်းရောင်ရောဂါဘီပိုးသည် စတင်ကူးစက်သောအသက်အရွယ်ကိုလိုက်၍ နာတာရှည်ရောဂါဖြစ်ပွားမှုနှုန်း ကွာခြားသွားသည်။ အကယ်၍ လူကြီးအရွယ်တွင် ဘီပိုးစဖြစ်လျှင် ၁၀ ရာခိုင်နှုန်းသာ နာတာရှည်ဖြစ်၍ ကျန် ၉၀ ရာခိုင်နှုန်းမှာ သူ့အလိုလိုပျောက်ကင်းသွားနိုင်သည်။ ကလေးဘဝတွင် စတင်ဖြစ်ပွားပါက ပိုးဝင်သူ၏ပျမ်းမျှ သုံးပုံတစ်ပုံခန့်သည် နာတာရှည်ဖြစ်၍ ကျန်သုံးပုံနှစ်ပုံမှာ အလိုလိုပျောက်ကင်းနိုင်သည်။ မွေးကင်းစအရွယ်တွင် ရောဂါကူးစက်ခံရပါက ၉၀ ရာခိုင်နှုန်းသည် နာတာရှည်ဖြစ်ပြီး ၁၀ ရာခိုင်နှုန်းခန့်သာ သူ့အလိုလိုပျောက်ကင်းနိုင်သည်။ အကြောင်းရင်းမှာ ကလေးငယ်များ၏ ကိုယ်ခံစွမ်းအားကောင်းမွန်စွာမဖွံ့ဖြိုးသေးသောကြောင့်ဖြစ်သည်။ ဘီပိုးရှိသောမိခင်နို့ရည်မှတစ်ဆင့် ရင်သွေးငယ်သို့ကူးစက်နိုင်ခြင်းကြောင့် ကလေးငယ်ကို မွေးကင်းစမှ အသက်တစ်နှစ်အတွင်း ကာကွယ်ဆေးထိုးပေးရပါမည်။

စီပိုးသည် ဘီပိုးထက် နာတာရှည်ဖြစ်မှုနှုန်းပိုများသည်။ စီပိုးရှိသူ၏နာတာရှည်ဖြစ်မှုနှုန်းမှာ အသက်အရွယ်လိုက်၍ ကွာခြားမှုမရှိတတ်ပေ။ စီပိုးရောဂါဖြစ်ပွားပြီးနောက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းမျှသာ ပျောက်ကင်းနိုင်ပြီး ကျန် ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းသောသူများသည် နာတာရှည်အသည်းရောင်ရောဂါဖြစ်ပွားလေ့ရှိသည်။ ယနေ့အချိန်ထိ စီပိုးတွင် ဘီပိုးကဲ့သို့ ကာကွယ်ဆေးထိထိရောက်ရောက်မရှိသေးပေ။ သို့သော် ကံကောင်းသည့်အချက်မှာ စီပိုးသည် ဘီပိုးကဲ့သို့ ကူးစက်နှုန်း မများသေးပေ။

**ဘီပိုး၊ စီပိုးအတွက် ဆေးဝါးများ**

ယနေ့ကမ္ဘာပေါ်တွင် ဘီပိုး၊ စီပိုးအတွက် ကုသပေးလျက်ရှိသော ဆေးဝါးတချို့ကို အောက်ပါအတိုင်း အကြံပြုဖော်ပြလိုပါသည်။

- ဘီပိုးကူးစက်ခံရသူများက သွေးထဲရှိ သံဓာတ်ပမာဏကို တိုင်းတာစစ်ဆေးမှုခံယူသင့်သည်။ အကယ်၍ သွေးထဲတွင် သံဓာတ်ပါဝင်မှု လွန်စွာနည်းနေပါက Interferon ခေါ် ကိုယ်ခန္ဓာအတွင်း ရောဂါပိုးမွှားများ မဝင်နိုင်အောင် ဟန့်တားကာကွယ်သည့် ဆဲလ်တချို့ကထုတ်ပေးသော ဒြပ်တစ်မျိုးကို ဖြတ်တောက်ပစ်လေ့ရှိသည်။ ထို့ကြောင့် ဘီပိုးရောဂါသည်များက သံဓာတ်အားနည်းမှုမရှိအောင် သတိထားသင့်ပေသည်။
- အသည်းအားဆေးက Enzymes ခေါ် အသည်းအင်ဇိုင်းအသားဓာတ်တစ်မျိုး၏ ပမာဏကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် အသည်းအားဆေးကို နေ့စဉ် မီလီဂရမ် ၅၀၀ မှ မီလီဂရမ် ၁၀၀၀ ထိ ခြောက်လတိတိ သောက်ပေးရပါမည်။
- ကျန်းမာရေးမကောင်းသည့် အသည်းထဲတွင် ဇင့်နှင့် ကော့ပါးဓာတ်များ ညီညွတ်မျှတခြင်းမရှိနိုင်တော့ပေ။ ကော့ပါးဓာတ်က အသည်းဆဲလ်နံရံများကို ဖျက်ဆီးပစ်သည်။ ဇင့်ဓာတ်က အသည်းနံရံကို ပျက်စီးစေသည့် ၎င်းကော့ပါးဓာတ်များကို တိုက်ထုတ်ပေးသည်။ ထို့ကြောင့် အသည်းဝေဒနာသည်များအနေဖြင့် မီလီဂရမ် ၃၀ ပမာဏရှိသော ဇင့်ဓာတ်အားဆေးကို နေ့စဉ်သောက်သုံးပေးပါ။
- ဖလေဗိုနွိုက်ဓာတ်ပေါင်းစုပါဝင်သော Silymarin က အသည်းဆဲလ်များကို ကောင်းစွာပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် ၎င်းဆေးကို တစ်နေ့လျှင် အနည်းဆုံး မီလီဂရမ် ၂၀၀ နှုန်းဖြင့် သုံးလကြာသည်ထိ သောက်ပေးပါ။
- Dandelion ခေါ် အဝါရောင်အလေ့ကျပန်းပွင့်များနှင့် Burdock ခေါ် ဆူးပွင့်များဖြင့် ပေါင်းပင်ကဲ့သို့အရွက်များပါရှိသော အပင်တို့က အသည်းသန့်စေပြီး သွေးလည်ပတ်စီးဆင်းမှုကိုကောင်းမွန်စေပါသည်။
- အသည်းဆဲလ်များ ကောင်းမွန်စွာပြန်လည်တည်ဆောက်စေရန်အတွက် Ayurvedic ဆေးကို တစ်နှစ်တိတိသောက်ပါ။



**ဘီပိုး၊စီပိုးအတွက် အကောင်းဆုံးအိမ်တွင်းကုထုံးများ**

ရောဂါရှိသူများအနေဖြင့် ဘီပိုး၊ စီပိုးရောဂါအတွက် ထိရောက်စွာဆေးဝါးကုသမှုခံယူရင်း အောက်ဖော်ပြပါ အိမ်တွင်းကုထုံးလေးများကို တွဲဖက်၍ အသုံးပြုနိုင်ကြပါစေကြောင်း အကြံပြုလိုပါသည်။

- အရက်က အသည်းကိုလုံးဝကောင်းကျိုးမပြုပေ။ ထို့ကြောင့် အရက်သောက်သုံးမှု ရှောင်ရှားရမည်။ ထို့ပြင် Alcohol ဓာတ်အနံ့အရသာပါသည့် မည်သည့်အရာကိုမျှ မစားသောက်သင့်ပေ။
- မီးမြှိုက်ထားသောအကင်အမျိုးမျိုးတို့ကို စားသုံးခြင်းမှအထူးရှောင်ရှားပါ။
- အစိမ်းရောင်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပိုစားပါ။
- လက်ဖက်ရည်ကြမ်း(ရေနွေးကြမ်း) သောက်ပါ။
- ခန္ဓာကိုယ်တွင်း အဆိပ်အတောက် ပြေပျောက်စေရန်အတွက် တစ်လလျှင် ရက်သတ္တနှစ်ပတ်တိတိ ဆက်တိုက်အသားမစားဘဲ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကိုသာ စားပေးပါ။
- အဖြူရောင်မုန်လာဥ၊ မုန်လာရွက်၊ Clover ခေါ် အရွက်သုံးရွက်ပါရှိသော ကျွဲ၊ နွားစားသည့် အပင်ငယ်၊ ကုလားချဉ်ပေါင်ရွက်နှင့် လက်ဖက် စားပေးပါ။
- နနွင်းမှုန့်စားပါ။ နနွင်းမှုန့်က အသည်းရောင်ခြင်းကို သက်သာစေသည်။
- အသည်းရောင်ရောဂါဘီပိုး၊ စီပိုးဝေဒနာသည်များအတွက် နွယ်ချိုက လွန်စွာကောင်းကျိုးပြုသည်။ သို့သော် သွေးတိုး၊ ဆီးချိုရှိနေပါက နွယ်ချိုမစားသင့်ပေ။
- Beetroot ခေါ် သကြားမုန်လာဥ ခေါ် မုန်လာဥနီကြီးမျိုးက အသည်းဆဲလ်များကို အသစ်ပြန်လည်မွေးဖွားစေသည်။
- Artichoke ခေါ် ဆူးလေပင်၊ ဆူးပလွေပင်နှင့် အုပ်စုတူသော အပင်ငယ် ခေါ် မုန်လာထုပ်တစ်မျိုးက အသည်းဆဲလ်များကို ကောင်းစွာ အလုပ်လုပ်စေသည်။
- ဆီ၊ အဆီလုံးဝမစားသင့်ပေ။ အတတ်နိုင်ဆုံး ဆီလျှော့စားပါ။
- အဆီ၊ အနှစ်၊ မလိုင်၊ ထောပတ်၊ နို့၊ ကြက်ဥအနှစ်နှင့် ဆီကြော်မုန့် စားသုံးခြင်းရှောင်ပါ။
- ပရိုတင်းဓာတ်များကိုလည်း တစ်နေ့လျှင် သုံးအောင်စမှ ခြောက်အောင်စထက် ပို၍မစားသင့်ပေ။
- ဆိုးဆေး၊ ဓာတုတာရှည်ခံဆေးပါသော အရည်၊ မုန့်၊ အစားအစာများကိုရှောင်ပါ။
- သံဓာတ်ပါသည့် တီရစ္ဆာန်အသည်းအမြစ်၊ ကလီစာနှင့် ဟင်းနုနယ်မစားရ။
- သံဓာတ်အားဆေး လုံးဝမမှီဝဲပါနှင့်။
- အချဉ်ရည်၊ ရှောက်သီး၊ သံပရာသီး များများ စားခြင်းရှောင်ပါ။
- ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက် လျှော့စားပါ။
- အစာစားသည့်အခါ ကြေညက်ခဲသော အမာ မစားပါနှင့်။
- ဆေးဖော်စပ်ရန်အတွက် သခွတ်ပင်၏အပွင့်၊ အရွက်၊ အခေါက်တို့ လိုအပ်သည်။ ဆေးကျိုချက်ရန်အတွက် မြေအိုးအသစ်တစ်လုံးသုံးပါ။ မြေအိုးထဲတွင် လတ်ဆတ်သော သခွတ်ပွင့်၊ အရွက်နှင့်အခေါက် စုစုပေါင်းထိုသုံးမျိုး လက်တစ်ဆုပ်စာကို ရေဖြင့်သုံးခွက်တစ်ခွက်ပြုတ်ပြီး တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်မှ အများဆုံး သုံးကြိမ်သောက်ပါ။ (အပွင့်စိုနှင့် အရွက်စိုများမရခဲ့လျှင် အပင်ခေါက်တစ်မျိုးတည်း လက်တစ်ဆုပ်ကို ရေသုံးခွက်တစ်ခွက်ပြုတ်ပြီး အလားတူ အချိုးအစားအတိုင်း ကျိုချက်သောက်သုံးနိုင်ပါသည်) အကယ်၍ လတ်လတ်ဆတ်ဆတ် အပွင့်စို၊ အရွက်စို၊ အခေါက်စိုများ မရနိုင်သည့်အခါမျိုးတွင် ၎င်းတို့ကို အခြောက်ခံ၍ သောက်သုံးနိုင်ပါသည်။ သို့သော် ၎င်းတို့ကို နေရောင်ခြည်ပြင်းပြင်းတွင် အခြောက်ခံမလှန်းသင့်ပေ။ အာနိသင်ဓာတ် လျော့ကျသွားသည်။ ထို့ကြောင့် အပွင့်နှင့်အရွက်တို့ကို နေရောင်ခြည်အနည်းငယ်ရသောနေရာတွင် အခြောက်ခံပြီး အခေါက်ကိုရေဆေး၍ ကြာရှည်သိမ်းထားနိုင်အောင် နေဖန့်ဖန့်ပြပါ။ လက်ဖက်ခြောက်အစား သခွတ်အရွက်၊ အပွင့်၊ ပင်စည်ခြောက်များကို အနည်းငယ်ထည့်ခတ်၍ ရေနွေးကြမ်းသောက်သလို နေ့စဉ်သောက်သုံးပေးခြင်းဖြင့် ဘီပိုး၊ စီပိုး ရောဂါအတွက်သာမက အသည်းအဆီဖုံးခြင်း အန္တရာယ်မှ ကြိုတင်ကာကွယ်ရာရောက်သည်။
- ဣဿရမူလီစားပါ။ သို့သော် ဣဿရမူလီက အပူဓာတ်များသဖြင့် ခန္ဓာကိုယ်တွင်း အပူဓာတ်များသူက ရေနိုင်နိုင်ချိုးပေးရမည်။ အပင်ရှင်သန်ပေါက်ရောက်ရာ နေရာဒေသပေါ် မူတည်၍ အရွက်အရွယ်အစား အသေး၊ အကြီးကွာဟမှုရှိတတ်သည်။ ထို့ကြောင့် စတင်စားသုံးသူအနေဖြင့် အရွက်အစိုကို လက်နှစ်လုံးခန့်သာ ဝါးစား၍ ရေဝဝသောက်ပါ။ ရောဂါဝေဒနာပေါ် မူတည်၍ နံနက်၊ နေ့လယ်၊ ည တစ်ကြိမ်စီ တစ်နေ့ သုံးကြိမ် ဝါးစားပြီး ရေသောက်ပါ။ ပဥ္စငါးပါး (အဖူး၊ အပွင့်၊ အရွက်၊ ပင်စည်၊ အမြစ်) အားလုံး အနံ့အရသာရော ဆေးစွမ်းသတ္တိများပါ အတူတူဖြစ်သည်။ အထူးသတိပြုရန်မှာ ဣဿရမူလီကို သုံးစွဲမည့်သူ၏အသက်အရွယ်၊ ကိုယ်ခံစွမ်းအားနှင့် ကိုယ်အလေးချိန်အချိုးအစားအတိုင်း စနစ်တကျမှီဝဲသင့်၍ တတ်သိနားလည်သော ဆရာသမားကောင်းများနှင့် တိုင်ပင်ပြီးမှသာ စိတ်ချလက်ချသုံးစွဲသင့်ပေသည်။
- ကြက်သွန်နီဥကြီးတစ်လုံးကိုအခွံခွာ အလုံးလိုက်ရေဆေးပြီးနောက် လေးစိတ်စိတ်၍ သကြားနှင့်စားပါ။ နံနက်တစ်လုံး၊ နေ့လယ်တစ်လုံး၊ ညတစ်လုံး တစ်နေ့သုံးကြိမ် ပုံမှန်စားပေးပါက လပိုင်းအတွင်း ဘီပိုး၊ စီပိုးသိသိသာသာပျောက်ကင်းသွားကြောင်း လေ့လာသိရသည်။
- တရုတ်စကားပန်းအနီပင်၏ ပင်စည်အခေါက်ကို သုံးခွက်တစ်ခွက်ကျိုသောက်ပါ။
- ဘုရားကုန်းတချို့တွင်ပေါက်ရောက်သော ခြသေ့ံနို့ရည်ပင်သည် Hepatitis A,B,C,D, E,F,G ဗိုင်းရပ်ကြောင့် အသည်းရောဂါများနှင့်အိပ်ရာမှမထနိုင်သည့်လူနာသည်ပင် လူကောင်းအလားပြန်လည်ကောင်းမွန်လာစေသည်။
- ပေပင်၏အရွက်ကိုပြုတ်သောက်ပါ။

(မှတ်ချက်)

အထက်တွင်ဖော်ပြထားသော အိမ်တွင်းကုထုံးများကို အညွှန်းအတိုင်းသာစားပါ။ တန်ဆေးလွန်ဘေးဖြစ်တတ်သည်ကို သတိရှိပါ။

0w Kw M @

# လောကစံထဲက စမ်းချောင်း

လင်းလက်ကြယ်(လက်ပံလှ)



(၁)

"ဟင်းလေးလဲ ကောင်းကောင်းချက်ပါအုံး တင်မြရယ်"

ကိုတင်မောင်စကားကြောင့် ကလေးနို့တိုက်ရင်းနဲ့ မတင်မြက မျက်စောင်းထိုးလိုက်တယ်။

"ဟင်းကောင်းကောင်းချက်ခိုင်းရအောင် တော် ပေးတဲ့ပိုက်ဆံကိုလဲ ပြန်ကြည့်အုံးလေ။ ဆန်တစ်ပြည် လေးထောင်နဲ့ ဆီ၊ ဆားဝယ်လိုက်ရင် တော့်ပိုက်ဆံ ငွေတစ်သောင်းက ဘယ်လောက်ပဲကျန်မှာလဲ။ ကိုယ့် ဘာသာကိုယ်တွက်ကြည့်။ ဒါတောင် ဆန်ကအကောင်း စားထဲကမဟုတ်ဘူးနော်။ ဒီကြားထဲ အကြီးနှစ်ကောင် ရဲ့မုန့်ဖိုးကရှိသေး"

"ဗျာ မေမေ သားတို့ကိုခေါ်တာလား"

မြေကြီးပေါ်မှာဆော့နေတဲ့ သားနှစ်ယောက်ထဲက အကြီးကောင်လေးက ပြေးလာပြီးပြောလိုက်တာ။ အကြီးကောင်လေးပြေးလာတော့ အလတ်ကောင်လေး ကပါ အနောက်ကလိုက်လာတယ်။

"နင်တို့ကို မခေါ်ဘူး။ နင်တို့မုန့်ဖိုးက တစ်နေ့ကို ဘယ်လောက်ကုန်သလဲဆိုတာ နင့်အဖေအရက်သမား ကိုတွက်ပြနေတာ"

"မင်းကွာ ကလေးတွေကို ဘယ်လိုပြောနေတာလဲ"

"ခလွမ်"

ကိုတင်မောင်က စိတ်တိုတိုနဲ့ ချဉ်ပေါင်ဟင်းထည့် ထားတဲ့ပန်းကန်ကို ပစ်ချလိုက်တယ်။ မတင်မြဆီပြေး လာတဲ့ သားနှစ်ယောက်က ကိုတင်မောင့်အသံနဲ့ အပြု အမူကြောင့် မတင်မြဆီမရောက်ဘဲ လမ်းတစ်ဝက်မှာ ရပ်နေတာ။ အလတ်ကောင်လေးက စီးကျနေတဲ့နှပ်ချေး တွေကို လျှာလေးနဲ့လျက်နေတာ။ အကြီးကောင်လေးက ကိုတင်မောင်ကိုကြည့်လိုက်၊ မတင်မြကိုကြည့်လိုက် နဲ့လုပ်နေတာ။ ကိုတင်မောင်ရဲ့ အပြုအမူကြောင့် မတင်မြကလဲ ဒေါသအဟုန်နဲ့ကြည့်နေတာ။ အဲဒီအချိန် နို့စို့နေတဲ့ကလေးကလဲ လန့်ပြီးအော်ငိုပါလေရော။

"အေး အေး သားလေး တိတ်တိတ်"

ကိုတင်မောင့်ကိုကြည့်နေတဲ့ မတင်မြရဲ့ ဒေါသ မျက်ဝန်းတွေက နို့စို့ကလေးငိုသံကြောင့် လွင့်ပြယ် သွားခဲ့တယ်။

"ငါပြောတာက မင်းကို ဟင်းကောင်းမချက်လို့ ပြောနေတာမဟုတ်ပါဘူး မတင်မြရယ်။ ငါပြောတဲ့ ဟင်းကိုကောင်းကောင်းချက်ပါပြောတာက မင်းချက် ထားတဲ့ ချဉ်ပေါင်ဟင်းကိုလဲကြည့်လိုက်အုံး။ ချဉ်ပေါင် ရွက်တွေက မဲတူးပြီးခါးနေတာ။ ငါးပိဖုတ်ကိုလဲကြည့်ပါ အုံး အစိမ်းထည့်ထားတဲ့အတိုင်းပဲ။ ငရုတ်သီးကလဲ မထောင်းဘဲနေရင်ကို ကြည့်ကောင်းအုံးမှာ"

"ဒါကတော့ ကျုပ်လဲ ကလေးတစ်ဖက်နဲ့လေ။ ပြီးတော့ ကျုပ်အခုလိုချက်တတ်တာကို တော့်ကျေးဇူး တင်ရအုံးမှာ"

"မင်းပြောလိုက်ရင် ဒီစကားနဲ့ပဲ ကိုင်ပေါက် နေတော့တာ"

"တော်မဟုတ်လို့လား။ ရှင်ပဲ ကတိတွေပေးခဲ့တာ လေ။ ကျုပ်က အဲဒီကတိကို တောင်းခဲ့လို့လား"

မတင်မြရဲ့စကားကြောင့် ကိုတင်မောင် ဘာပြော လို့ပြောရမှန်းမသိဖြစ်သွားတယ်။ ဖြစ်နိုင်ရင် အတိတ် က သူပေးခဲ့တဲ့ကတိစကားကို သူမပြောဖြစ်အောင် အဲဒီရက်လေးကို ပြန်နောက်ဆုတ်ချင်မိနေတယ်။

(၂)

"မြရယ် ကိုတော့ မြကိုမခွဲနိုင်တော့ဘူးကွာ။ ကိုနဲ့တစ်ခါတည်းလိုက်ခဲ့ပါကွာနော်"

သင်္ကြန်ရက်မှာ မတင်မြနဲ့ ကိုတင်မောင်တို့ဟာ သူငယ်ချင်းတွေရဲ့ကောင်းမှုကြောင့် အတူတူလည်ဖြစ် ခဲ့ကြတယ်။ အဲဒီလိုလည်ရင်းနဲ့ ချစ်သူတို့သဘာဝ လူရှင်းတဲ့နေရာမှာ အေးအေးဆေးဆေးတွေ့နေကြ တာ။ ကိုတင်မောင်က မတင်မြကို သူ့ရင်ခွင်ထဲမှာ ဖက်ထားရင်းပြောလိုက်တာ။ မတင်မြကလဲ ရေတွေ စိုရွှဲနေတဲ့ခန္ဓာကိုယ်နဲ့ ကိုတင်မောင့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနေနေတာ။ မတင်မြဘက်က ငြိမ်နေ သလောက် ကိုတင်မောင်ကတော့ ဂနာမငြိမ်ဘူး ဖြစ်နေတာ။

"မြ ကိုယ့်ကိုစကားပြန်ပြောပါအုံး"

"မြက ဘာပြောရမှာလဲကိုရယ်။ မြက အခုမှ ကျောင်းသူပဲရှိသေးတာ။ ဒီနှစ်ဖြေထားတာအောင်မှ ဆယ်တန်းရောက်မှာ။ ပြီးတော့ မြက အိမ်မှာအငယ်ဆုံး လေ။ ဘာမှလဲ မလုပ်တတ်ဘူး"

မတင်မြက ကိုတင်မောင့်ရင်ခွင်ထဲကထွက်ပြီး ပြောလိုက်တာ။ ကိုတင်မောင်က မတင်မြ ပခုံးနှစ်ဖက် ကို ညင်သာစွာကိုင်ပြီး စကားပြောလိုက်တယ်။

"မြအနေနဲ့ ဘာမှလုပ်စရာမလိုပါဘူးမြရယ်။ မြကို ကိုလုပ်ကျွေးနိုင်ပါတယ်။ ပြီးတော့ ကိုတို့မှာ နေစရာ အိမ်လဲရှိတယ်။ ကိုတို့အိမ်က ကိုရယ်၊ ကိုယ့်အမေရယ် သားမိနှစ်ယောက်တည်းရယ်။ မြကောပါမှ သုံးယောက် ထဲ။ အရေးကြီးတာက မြ ကိုယ့်အနားမှာနေပေးဖို့က အဓိကပါ"

"မြက ကျောင်းပြီးအောင်နေချင်သေးတာ။ မြ ကျောင်းပြီးမှ အဖေတို့၊ အမေတို့ဆီကို ကို လာတောင်းလေ"

မတင်မြဆီက စကားကြားရတော့ ကိုတင်မောင် စိတ်ပျက်သွားတယ်။ သူဘယ်လိုပြောပြော မတင်မြက ပြောမရဘူးဖြစ်နေတာ။

"ဩော် မြရယ် အခုတောင်မှ မြနဲ့ကိုတွေ့ရဖို့ အရေးကို ဘယ်လောက်ခက်ခဲလဲဆိုတာ မြအသိသားပဲ။ မြဘွဲ့ရတဲ့ထိစောင့်နေရရင် မြနဲ့ကိုနဲ့က ပိုဝေးရမှာပဲ။ မြ အဖေတို့ဆီကို လာတောင်းဖို့ဆိုတာ ပိုတောင်မဖြစ် နိုင်သေး။ မြနဲ့ကိုယ့်ကို သဘောတူမှာမဟုတ်ဘူးရယ်"

ကိုတင်မောင်စကားဆုံးတော့ မတင်မြလဲ ဘာ စကားမှမပြောတော့ဘူး။ ကိုတင်မောင်ကလဲ ဘာ စကားမှမပြောတော့ဘဲ နှစ်ယောက်သား ဆန့်ကျင် ဘက်နေရာတွေကို အကြည့်ရောက်နေကြတယ်။ ခပ်လှမ်းလှမ်းကကြားရတဲ့ သင်္ကြန်သီချင်းသံတွေက တော့ ရွှင်မြူးစရာကောင်းပေမဲ့ ကိုတင်မောင်က တော့ မရွှင်နိုင်။

"ပြန်ကြမယ်ကို၊ အချိန်နောက်ကျသွားလိမ့်မယ်"

မတင်မြက ပြောပြောဆိုဆို ခုံတန်းလေးပေါ်ကနေ အရင်ထလိုက်တယ်။ မတင်မြ ပြန်ဖို့ထလိုက်တော့ ကိုတင်မောင်က ကပျာကယာနဲ့ မတင်မြလက်ကို လှမ်းဆွဲလိုက်တယ်။

"မြ တကယ် ကိုယ့်နောက်ကိုမလိုက်တော့ဘူးလား။ အဲဒါဆိုရင် ကိုနဲ့မြက နီးဖို့ကမလွယ်ဘူးနော်မြ။ မြနဲ့ ဝေးရမဲ့အတူတူ အခုကတည်းက မြနဲ့ဝေးတဲ့နေရာကို ကိုထွက်သွားတော့မယ်"

ကိုတင်မောင်စကားကြောင့် မတင်မြစိတ်ထဲမှာလဲ စိုးရိမ်သွားမိတယ်။

"ကိုက ဘယ်သွားမှာလဲ"

"သိန်းလွင်တို့က ဖားကန့်သွားဖို့ ကိုယ့်ကိုခေါ် နေတာ။ ကိုက မြနဲ့ခွဲနေရမှာကြောက်လို့ မလိုက်တော့ ဘူးလို့ပြောထားတာ။ အခုတော့ အဲဒီဆုံးဖြတ်ချက်ကို ပြင်ရတော့မှာပဲ"

"ကိုရယ် ဖားကန့်ကိုတော့ လိုက်မသွားပါနဲ့။ ဒီမှာ ပန်းရန်လုပ်လဲရရဲ့သားနဲ့"

မတင်မြက တားနေပေမဲ့လဲ ကိုတင်မောင်က မတင်မြကို မျက်နှာလွှဲပြီးနေနေလိုက်တယ်။

"နော်လို့ ကို"

မတင်မြက ချွဲချွဲနွဲ့နွဲ့နဲ့ပြောလိုက်တော့ ကိုတင် မောင် ဈာန်လျောချင်နေပြီ။ ဒီအချိန်မှ မတင်းထား ရင်လဲ သူဖြစ်ချင်သလို ဖြစ်မလာမှာစိုးသဖြင့် မတင်မြ ရဲ့အပြုအမူနဲ့အသံကို ဥပေက္ခာပြုထားလိုက်တယ်။

"ကိုလို့ ဒီဘက်လှည့်ပါအုံးလို့"

မတင်မြဘယ်လိုပြောပြော ကိုတင်မောင်က ဥပေက္ခာပြုနေလိုက်တယ်။ ခဏကြာတော့ မတင်မြဆီက ငိုသံထွက်လာတယ်။ ကိုတင်မောင်လှည့်မကြည့်ဘူး။

"အဲဒါဆို ကိုနဲ့ မြ အခုလိုက်ခဲ့ရင် အစစအရာရာ ကိုကပဲလုပ်ပေးမှာလား။ မြအမှားလုပ်မိရင်တောင် အပြစ်မပြောရဘူး။ ပြီးတော့ ထမင်းဟင်းလဲ"

"ရတယ် မြ၊ မြထမင်းမချက်တတ်ရင်တောင် ကို ချက်ကျွေးမယ်"

မတင်မြစကားတောင် မဆုံးသေးဘူး ကိုတင်မောင် က ပီတိအပြုံးတို့နဲ့ လှည့်ပြောလိုက်တယ်။

"ခဏတင်မဟုတ်ဘူးနော် တစ်သက်လုံးပြောတာ။ သားတွေ၊ သမီးတွေရနေတဲ့ထိ မြ ဘာမှမလုပ်တတ်ရင် ကိုအပြစ်မပြောဘူး။ ကတိပေးတယ်။ ယောကျ်ား တစ်ယောက်ရဲ့ကတိ"

"ရှင်ပေးခဲ့တဲ့ ယောကျ်ားကတိကို ရှင်သိမှာပေါ့"

အတိတ်ကအကြောင်းတွေကို ပြန်တွေးနေတုန်း မတင်မြအသံကြောင့် ကိုတင်မောင် လက်ရှိအခြေအနေ ကို သတိရလိုက်တယ်။

"တောက်"

"ဩော် . . . အခုတော့ အတိတ်ကစကားတွေက ရှင့်အတွက် ခါးသီးနေပြီပေါ့"

"အေးဟေ့ တက်ခေါက်တာက မင်းကိုမဟုတ်ဘူး ငါ့ကိုငါတက်ခေါက်တာ မတင်မြရေ။ မင်းက မင်းဘာသာ နှစ်လုံးရှုံး၊ ပုံဝိုင်းရှုံးတာကို အပြစ်မတင် ဘဲ ငါပေးတဲ့လုပ်အားခကိုပဲ အပြစ်တင်၊ အတိတ်က ပေးခဲ့တဲ့ကတိနဲ့ကိုင်ပေါက်နေတော့ ငါ့မှာ အပြစ်မရှိတဲ့ မင်းကို စော်ကားမိလို့ပါဟာ"

ကိုတင်မောင်က ပြောပြောဆိုဆိုနဲ့ အိမ်ရှေ့ကပြင် ကို ထွက်ခဲ့လိုက်တယ်။

(၃)

ကိုတင်မောင် အောက်ဆင်းသွားတော့ မတင်မြ တစ်ယောက် ကလေးနို့တိုက်ရင်းကျန်ခဲ့တယ်။ အကြီး ကောင်လေးနဲ့ အလတ်ကောင်လေးကို အိပ်ဖို့ပြောရင်း ညနေကအကြောင်းကို ပြန်တွေးနေမိတယ်။ ဒီနေ့ အတွက် ကိုတင်မောင်ပေးထားတဲ့ဈေးဖိုးကို နှစ်လုံး အောကွက်တွေ့တာနဲ့ တစ်ထောင်ဖိုးစီထိုးလိုက်တယ်။ ရတဲ့ဂဏန်းနဲ့ မတင်မြတွက်ကိန်းနဲ့ကလဲ အတူတူဆို တော့ သေချာပြီထင်နေတာ။ မနက်ခင်းပိုင်းလွဲသွား တော့ ညနေခင်းပိုင်းကို ဆတိုးနဲ့လိုက်တာ။ ညနေခင်း ပိုင်းလဲ လွဲသွားတယ်။ အဲဒါနဲ့ ကျန်တဲ့ပိုက်ဆံလေးကို ရင်းပြီး ရှုံးသွားတဲ့ပိုက်ဆံလေးမှပြန်ရရဆိုပြီး ရပ်ကွက် ထဲက ပုံဝိုင်းကိုသွားလိုက်တယ်။ သွားတဲ့အချိန်ကလဲ အချိန်ကသိပ်မရှိတော့ဘူး။ ညစာအတွက်ကလဲ ဟင်းကမချက်ရသေးဘူး။ ထမင်းကတော့ ညနက် ချက်ထားတော့ ချက်စရာမလို။ အဲဒါနဲ့ ချဉ်ပေါင်ဟင်း ချက်ဖို့အတွက်ပြင်ပြီး သားကြီးကိုမှာထားလိုက်တယ်။ သားကြီးက ၁၀ နှစ်ရှိပြီဆိုတော့ ခိုင်းလို့ကရနေပြီ။ ချဉ်ပေါင်ဟင်းကျက်ရင် ငါးပိဖုတ်ဖို့နဲ့ ငရုတ်သီးထောင်း ဖို့ပါ မှာခဲ့လိုက်တယ်။ မှာပြီးတော့ မတင်မြလဲ ပုံဝိုင်း ရှိရာသွားလိုက်တယ်။ စိတ်ထဲကလဲ ပုံဝိုင်းကနိုင်ရင် ချက်ဟင်းလေးဝယ်မယ်လို့ စိတ်ကူးထားတာ။ တွက် ရေးက စက်သူဌေးဖြစ်ပေမဲ့ တကယ့်လက်တွေ့မှာတော့ မတင်မြအတွက် ဒီနေ့ တွက်ပီကံမကောင်းတဲ့နေ့ဖြစ် နေတာ။ အချိန်ကိုကြည့်လိုက်တော့ မိုးချုပ်နေပြီ။ အိမ်ကို ကိုတင်မောင်မရောက်ခင် အမီပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မတင်မြဒေါသထွက်ပါလေတော့။ သားကြီးကိုချက်ခိုင်းထားတဲ့ ချဉ်ပေါင်ဟင်းက ရေခန်း ပြီးတူးနေတာ။ ငါးပိကလဲ မကျက်ဘဲ ပြာတွေပေ နေတာ။ ငရုတ်သီးကတော့ ပြန်ထောင်းလို့ရသေးတယ်။

စာမျက်နှာ ၂၅သို့ ➤

# သော်တာဆွေ၏ ပပဝတီ

## ပုသိမ်အောင်သန်းဦး

စင်စစ်ပပဝတီသည် ဟာသဝတ္ထုရှည်တစ်ပုဒ်သာဖြစ်သည်။ ဟာသဝတ္ထုဟုဆိုသော်လည်း ခေတ်ကိုထင်ဟပ်စေပြီး နိုင်ငံရေးသမားတို့၏ သရုပ်၊ အရင်းရှင်လောက၏ သရုပ်၊ စာပေလောက၏ သရုပ်ကို ဖော်ပြပြီး စာရေးကောင်းသဖြင့် စာဖတ်နေရသည်ဟုပင် မယူဆနိုင်ဘဲ ဇာတ်လိုက်အေးဆွေက ဘေးကထိုင်ပြီး သူ့ဘဝဇာတ်ကြောင်းစုံကို ပြောပြနေသည်ဟူ၍ပင် မှတ်ထင်ရသည်။

တစ်နေ့ အေးဆွေထံသို့ သူငယ်ချင်း တင်မောင်ကို ရောက်လာသည်။ ကိစ္စမှာ သူတို့အိမ်မှ ထမင်းချက်ကောင်မလေးကို ကြိုက်နေပြီး သူ့ဦးကြီးကို မပြောရဲသဖြင့် အကူအညီလာတောင်းခြင်းဖြစ်သည်။ ဤတွင် အေးဆွေက သူ့မိတ်ဆွေ ပေါ်အူးထံ အကြံဉာဏ်တောင်းသည်။ ပေါ်အူးက စာရေးဆရာ ပပဝတီ ရေးသားသောဝတ္ထုများကိုဖတ်ရန်ညွှန်းသည်။ ဤအခါ ကားဒရိုင်ဘာအား သူ့ဦးကြီးဖြစ်သူက တစ်နေ့တစ်အုပ် ပပဝတီ၏ ဝတ္ထုများကို ဖတ်ပြစေသည်။ နောင်တွင် တင်မောင်ကိုကိုယ်တိုင် သူ့ဦးကြီးကို ဖတ်ပြသည်။

ဦးကြီးဖြစ်သူမှာ ပပဝတီဝတ္ထုများကို အလွန်သဘောကျသဖြင့် သူ့တူ တင်မောင်ကိုအား စာရေးဆရာ ပပဝတီနှင့် တွေ့လိုကြောင်း၊ ဧည့်ခံလိုကြောင်းပြောရာ တင်မောင်ကိုက အေးဆွေကို စာရေးဆရာ ပပဝတီ အဖြစ် မိတ်ဆက်ကာ ဧည့်ခံစေသည်။ အေးဆွေမှာ တင်မောင်ကိုအား ဒေါပွစိတ်ဆိုးသော်လည်း မတတ်နိုင်တော့သဖြင့် ဟန်ဆောင်နေရလေသည်။ စာရေးဆရာ ပပဝတီမှန်းသိကြသောအခါ အေးဆွေအား ကောင်မလေးများက အော်တိုရေးခိုင်းကြသည်။ အေးဆွေက သူ စာရေးဆရာပပဝတီဖြစ်ကြောင်း ဘေးသို့မပေါက်ကြားပါစေနှင့်ဟုဆိုကာ ရေးပေးခဲ့သည်။ သို့သော် မသန်းမြင့်ထံမှ ပေါက်ကြားသဖြင့် တောင်ကြီးသူ ကြည်မာဝေထံမှ မိတ်ဆက်စာနှင့် ဓာတ်ပုံများ ရောက်လာသည်။

သို့သော် အေးဆွေမှာ စာရေးဆရာ ပပဝတီ အစစ်မဟုတ်လေရာ စာမပြန်ဘဲနေခဲ့သည်။ သို့ဖြင့် ကြည်မာဝေထံမှ ဒုတိယအကြိမ် စာနှင့်ဓာတ်ပုံများ ရောက်ရှိလာပြန်ရာ အေးဆွေမှာ စွဲလမ်းမိသဖြင့် စာပြန်ဖြစ်လေ၏။ ဓာတ်ပုံလည်း ပူးတွဲပေးပို့လိုက်လေသည်။

ထိုစဉ် တင်မောင်ကို၏ ဦးလေးဖြစ်သူ ဦးကျော်မင်းက ဆရာ၏သဘောတရားများနှင့်ပတ်သက်ပြီး ဆွေးနွေးချင်ပါသည်ဟုဆိုကာ အေးဆွေကို ဒုတိယအကြိမ်ဖိတ်သည်။ တင်မောင်ကိုကလည်း ယခုအကြိမ် သူ့ဦးလေးကို အပြတ်ဆွေးနွေးပေးရန် တိုက်တွန်းသည်။ အေးဆွေအား ဦးကျော်မင်းက ဆရာ့စာများဖတ်ပြီး လူတန်းစားမခွဲခြားရေးမူကို လက်ခံကြောင်း၊ ထို့ကြောင့် သူ့ထမင်းချက်ကို လက်ထပ်ပေါင်းသင်းတော့မည်ဟု ဆုံးဖြတ်လိုက်ကြောင်း၊ မင်္ဂလာဆောင်ကာ ယူမည်ဖြစ်ကြောင်း ပြောပြရာ အေးဆွေမှာ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်ကုန်ပြီဟု တွေးမိလိုက်သည်။ သို့ဖြင့် ဦးကျော်မင်းသည် သူ့အိမ်မှ ထမင်းချက်ကောင်မလေး မဆိတ်ကို ခမ်းနားစွာလက်ထပ်ယူလိုက်လေသည်။ တင်မောင်ကိုမှာ အိမ်ပေါ်မှဆင်းကာ ပျောက်ကွယ်သွားလေတော့၏။

တစ်နေ့ အေးဆွေသည် မဟာဗန္ဓုလပန်းခြံဘက်သို့ လမ်းလျှောက်လာရာ နိုင်ငံရေးတရားဟောနေသူ မျက်မှန်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများနှင့် လူငယ်ကိုတွေ့၏။ ထိုလူငယ်ပြောစကားများကို စိတ်မပါဘဲ နားထောင်နေရာမှ ဦးကျော်မင်းနှင့်ဆုံလေသည်။ ဦးကျော်မင်းက အနီးရှိ လက်ဖက်ရည်ဆိုင်သို့ ခေါ်လာသည်။ အေးဆွေက ဦးကျော်မင်း၏ ရွှေဂူမောင်အမည်ရှိ မြင်းကြီးကို စိတ်ဝင်စားမိကြောင်းပြောသည်။ လာမည့် မြင်းပြိုင်ပွဲတွင် ရွှေဂူမောင်ဘက်မှ လောင်းလိုကြောင်း ပြောရာ ဦးကျော်မင်းက သူ ဤအလုပ်ကို မိုက်လက်စနှင့်သာ ဆက်လုပ်နေကြောင်း၊ မကြာမီ စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ပြောနေစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ စောစောက နိုင်ငံရေးတရားဟောနေသည့် လူငယ် ဝင်လာပြီး အေးဆွေအား လက်ညှိုးထိုးကာ ဘာအလုပ်မှမလုပ်ဘဲ မိဘလုပ်စာကို ထိုင်စားနေသူဖြစ်ကြောင်း၊ ဦးကျော်မင်းကိုလည်း ဘောဂစည်သူ ဘွဲ့ရသူဌေးကြီး၊ သမီးလောက်အရွယ်ရှိ မိန်းကလေးကို ယူထားသူဖြစ်ကြောင်း လက်ညှိုးထိုးလျက်ပြောဆိုလေရာ ဟုတ်မှန်နေသဖြင့် အေးဆွေနှင့် ဦးကျော်မင်းတို့မှာ လက်ဖက်ရည်ဆိုင်မှ လစ်ပြေးကြလေသည်။

အေးဆွေသည် တောင်ကြီးမှ ကြည်မာဝေနှင့် စာအပြန်အလှန်ရေးနေကြပြီး ရည်းစားဘဝရောက်နေချိန် မန္တလေးရှိ ဒေါ်ကြီးစိုးထံမှ ဖုန်းလာသည်။ ဦးကြီးဇျိုင်းက အမြန် မန္တလေးသို့လာခဲ့ရန်ခေါ်သဖြင့် အေးဆွေ မန္တလေးသို့သွားရသည်။

ဒေါ်ကြီးစိုးနှင့် ဦးကြီးဇျိုင်းတို့က ရန်ကုန်မြို့ အင်းလျားကန်စောင်းတွင် နေထိုင်ကြသော ဦးတောက်ထွန်း၏သမီး တင်မမကြီး ခေါ် ဟိုနိုရီယာတောက်ထွန်းနှင့် ပေးစားရန်စီစဉ်သည်။

ဟိုနိုရီယာတောက်ထွန်းသည် မိန်းမခန္ဓာကိုယ်၊ ယောကျ်ားစိတ်၊ ရေကူးချန်ပီယံ၊ သိုင်းဆရာ၊ လက်ဝှေ့ တတ်ကျွမ်းသူဖြစ်သည်။ မင်းဆွေ ကျောစိမ့်မိသည်။ သို့သော် ငြင်းရန်အခက်ကြုံနေသည်။ ဦးတောက်ထွန်းအိမ်တွင် လေးရက်၊ ငါးရက်သွားနေရမည်၊ မနက်ဖြန်သွားရမည်ဟု ဒေါ်ကြီးစိုးက အမိန့်ပေးသည်။

အေးဆွေသည် ဟိုနိုရီယာတောက်ထွန်းနှင့် တွေ့ရန်စိတ်လေးနေစဉ် တင်မောင်ကိုနှင့်တွေ့သည်။ တင်မောင်ကိုမှာ ဟိုနိုရီယာအိမ်သို့ ရောက်နေ၏။ တစ်နေ့ တင်မောင်ကိုမြင်းပွဲရှုံးပြီး ခေါင်းငိုက်စိုက်နှင့် လျှောက်လာစဉ် ဟိုနိုရီယာမိသားစုနှင့် ဆုံခဲ့ခြင်းဖြစ်သည်။ တင်မောင်ကိုက သူ ဘီအေ၊ ဘီအီးဒီ အောင်ကြောင်း၊ သူ့တွင် အလုပ်မရှိကြောင်းပြောပြရာ ဟိုနိုရီယာက သူ့အိမ်သို့ခေါ်လာပြီး သူ့မောင်လေး နယ်လ်စင်ကို စာသင်ပေးရန်အပ်သည်။

သို့ဖြင့် တင်မောင်ကို ဟိုနိုရီယာအိမ်သို့ရောက်နေပြီး ဟိုနိုရီယာကို စိတ်ဝင်စားနေကြောင်း သိရသောအခါ အေးဆွေ ဝမ်းသာသွား၏။ သူတို့နှစ်ဦး ချစ်ကြိုက်သွားရန် ကူညီပေးရလျှင် သူ့ပြဿနာများ ပြေလည်သွားနိုင်သည်ဟု ထင်မြင်မိသည်။

နောက်တစ်နေ့ ဦးတောက်ထွန်းအိမ်သို့ အေးဆွေ ရောက်သွားသောအခါ ဟိုနိုရီယာကို မတွေ့ရချေ။ ဝန်ကြီးဦးလွမ်းပွေ၏သမီး ဒက်ဖနီထံ အလည်သွားနေကြောင်း သိရသည်။ တင်မောင်ကိုနှင့် နယ်လ်စင်တို့ ကန်စပ်တွင်ရှိနေကြသည်။ နယ်လ်စင်သည် ငါးမျှားနေသည်။

ဤတွင် အေးဆွေ အကြံတစ်ခုရသည်။ ကန်စပ်တွင် ငါးမျှားနေသော နယ်လ်စင်ကို အေးဆွေက ရေထဲတွန်းချမည်။ ဤအခါ တင်မောင်ကိုက နယ်လ်စင်ကို ရေကူးပြီးကယ်မည်။ သို့ဖြင့် ဟိုနိုရီယာက သူ့မောင်လေးအသက်ကို ကယ်တင်သဖြင့် တင်မောင်ကိုအား ကျေးဇူးတင်မည်။ ချစ်သူများဖြစ်သွားကြမည်။ နှစ်ဦးသဘောတူ ဇာတ်တိုက်ကြသည်။

မကြာမီ ဟိုနိုရီယာနှင့် ဒက်ဖနီတို့ရောက်လာကြသည်။ တင်မောင်ကိုသည် ပန်းချုံတစ်ဖက်၌ ပုန်းနေသည်။ အေးဆွေသည် အမျိုးသမီးနှစ်ယောက်ကို ခွဲခွာပြီး ကန်စပ်သို့လျှောက်သွားသည်။ သူ့နောက်သို့ ဟိုနိုရီယာတစ်ယောက်တည်းလိုက်လာပြီး ရေလာမြောင်းပေးလုပ်သည်။ အေးဆွေက နယ်လ်စင်အနီးသို့ လျှောက်သွားပြီး တွန်းချသည်။ ကယ်ကြပါဟု အော်သည်။ တင်မောင်ကိုက ထွက်မလာ၊ နောက်ဆုံး သူကိုယ်တိုင် ကယ်မှဖြစ်တော့မည်ဟုဆိုကာ ရေထဲသို့ ခုန်ချသည်။ ထိုအချိန် နယ်လ်စင်က ကမ်းစပ်သို့ သူ့ဘာသာကူးလာပြီဖြစ်သည်။

အေးဆွေသည် ရုပ်အင်္ကျီ၊ ပုဆိုး၊ ရှူးဖိနပ်တို့ဖြင့် ဖြစ်နေရာ ရေကူးခပ်၍ မလွတ်ဖြစ်နေသည်။ ထိုစဉ် ဟိုနိုရီယာသည် ရေကူးဝတ်စုံဖြင့် သူ့အနားသို့ ရေကူးလာသည်။ အေးဆွေသတိမေ့စေရန် မေးရိုးကိုလက်သီးဖြင့်ထိုးကာ ကုန်းပေါ်သို့ ဆယ်ယူသွားသည်။

နယ်လ်စင်ကို အေးဆွေဒူးနှင့်တိုက်ချခဲ့သည်ကို ဟိုနိုရီယာမြင်သည်။ သို့သော် ဟိုနိုရီယာစိတ်မဆိုးပေ။ သူမကိုချစ်၍ ကြံစည်သည်ထင်ပြီး အေးဆွေကို သူမကလည်းချစ်ကြောင်း ပြောသည်။ အေးဆွေ၏ ပါးပြင်ကို နမ်းသည်။

အေးဆွေ အဝတ်အစားလဲပြီးသောအခါ တင်မောင်ကိုအား လိုက်ရှာသည်။ ဘာကြောင့် နယ်လ်စင်ကို ဆင်းမကယ်သနည်းဟု မေးသည်။ တင်မောင်ကိုက ဒက်ဖနီနှင့်တွေ့နေလို့ဟု ဆိုသည်။ သူ ယခု ဟိုနိုရီယာကိုမချစ်တော့ဘဲ ဒက်ဖနီကို ချစ်နေပြီဟု ဆိုသည်။ အေးဆွေမှာ ဟိုနိုရီယာ၏ လက်မှပြေးမလွတ်ဖြစ်နေသည်။

❖ တောင်ကြီး ကြည်မာဝေထံမှ စာလာသည်။ သူ ရန်ကုန်သို့လာခဲ့မည့်အကြောင်းဖြစ်သည်။ အေးဆွေ ပျော်နေစဉ် တင်မောင်ကိုရောက်လာပြီး အလိမ်တွေပေါ်ကုန်ပြီဟုဆိုသည်။ အကြောင်းမှာ စာရေးဆရာပပဝတီဆိုသူမှာ အခြားသူမဟုတ်ဘဲ တင်မောင်ကိုလက်ထပ်တော့မည့် မေနှင်းမြိုင်ဖြစ်နေသောကြောင့်တည်း။ သို့ဖြင့် ဦးကျော်ဦး၊ မေနှင်းမြိုင်နှင့် ကြည်မာဝေတို့သုံးဦးသည် အေးဆွေကို လိမ်လည်လှည့်ဖျားသူအဖြစ် စွဲချက်တင်ရန် နောက်နေ့နံနက်တွင် အေးဆွေအိမ်သို့ လာကြလိမ့်မည်။ ဤတွင် အေးဆွေ အခြားသို့ရှောင်နေရလေသည်။ ❖

ဤတွင် ဦးတောက်ထွန်းက အေးဆွေ နယ်လ်စင်ကို ရေထဲတွန်းချကြောင်း ကြားသိလေရာ လူငယ်များကိစ္စ ခေတ္တဆိုင်းငံ့ထားရန်ဆုံးဖြတ်သည်။ အေးဆွေအပေါ် မကျေမနပ်ဖြစ်နေသည်။ တင်မောင်ကိုလည်း ဒက်ဖနီကို ချစ်မိပြီဆိုကာ ဦးတောက်ထွန်းအိမ်မှ လစ်လေတော့သည်။

သည့်နောက် တင်မောင်ကို ရောက်လာပြန်သည်။ အေးဆွေမှာ စိတ်အေးလက်အေးအနားယူနေစဉ် တင်မောင်ကို၏ ပြဿနာအသစ်ဝင်လာခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင် တင်မောင်ကိုစိတ်ဝင်စားချစ်မိသူမှာ ဒက်ဖနီမဟုတ်တော့ စာရေးကိရိယာဆိုင်မှ အရောင်းစာရေးမလေး မေနှင်းမြိုင်ဖြစ်နေပြန်သည်။

ဒက်ဖနီထံ စာထည့်ရန် စာအိတ်ဝယ်သွားရင်း မေနှင်းမြိုင်နှင့် ဆုံခဲ့ကြခြင်းဖြစ်သည်။ ယခုမူ သူနှင့် မေနှင်းမြိုင်မှာ နှစ်ဦးသဘောတူချစ်နေကြပြီဖြစ်၍ သူ့ဦးကြီးအား ပြောပေးရန် အေးဆွေကို အကူအညီတောင်းခြင်းဖြစ်သည်။ သူ့ဦးကြီးကလည်း သဘောတူလေသည်။

အေးဆွေမှာ သူနှင့် ဟိုနိုရီယာကိစ္စအတွက် ဦးတောက်ထွန်း စိတ်ပျက်သွားအောင် ပေါ်အူးအား အကြံတောင်းရာ ပေါ်အူးက အေးဆွေကို ဆေးခြောက်များဖြင့် မူးအောင်ပြုလုပ်ကာ ဦးတောက်ထွန်းကို စိတ်ပျက်အောင် ဖန်တီးခဲ့လေသည်။

ဤတွင် တောင်ကြီး ကြည်မာဝေထံမှ စာလာသည်။ သူ ရန်ကုန်သို့လာခဲ့မည့်အကြောင်းဖြစ်သည်။ အေးဆွေပျော်နေစဉ် တင်မောင်ကို ရောက်လာပြီး အလိမ်တွေပေါ်ကုန်ပြီဟုဆိုသည်။ အကြောင်းမှာ စာရေးဆရာ ပပဝတီဆိုသူမှာ အခြားသူမဟုတ်ဘဲ တင်မောင်ကိုလက်ထပ်တော့မည့် မေနှင်းမြိုင်ဖြစ်နေသောကြောင့်တည်း။

သို့ဖြင့် ဦးကျော်ဦး၊ မေနှင်းမြိုင်နှင့် ကြည်မာဝေတို့သုံးဦးသည် အေးဆွေကို လိမ်လည်လှည့်ဖျားသူအဖြစ် စွဲချက်တင်ရန် နောက်နေ့နံနက်တွင် အေးဆွေအိမ်သို့ လာကြလိမ့်မည်။

ဤတွင် အေးဆွေ အခြားသို့ရှောင်နေရလေသည်။ ဦးကျော်ဦး၊ မေနှင်းမြိုင်နှင့် ကြည်မာဝေတို့ရောက်ရှိလာသောအခါ ပေါ်အူးက အေးဆွေကို စိတ္တဇဆရာဝန် ဒေါက်တာသိန်းဇံ လာရောက်ခေါ်ယူသွားကြောင်း ပြောပြရာ အားလုံးက အေးဆွေကို အရူးဟုယူဆကာ ပြန်သွားကြလေသည်။ အေးဆွေကား ကြည်မာဝေနှင့် ဝေးခဲ့သော်လည်း ယနေ့တိုင်မမေ့နိုင်ပါဟုဆိုကာ အဆုံးသတ်ထားသည်။

ဆရာသော်တာဆွေသည် ထင်ရှားသော ဟာသစာရေးဆရာတစ်ဦးဖြစ်သည်။ ပပဝတီသည် ဘဝနှင့် လူ့သဘောတို့ကို ထေ့လှောင်သောဝတ္ထုမျိုးမဟုတ်ဘဲ ရယ်စရာဝတ္ထုမျိုးသာဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က မှတ်ချက်ချခဲ့ကြသည်။

သော်တာဆွေ၏ အမည်ရင်းမှာ ဦးကြင်ဆွေဖြစ်သည်။ ၁၉၁၉ ခုနှစ် မေ ၂၆ ရက်တွင် ပေါင်းတည်မြို့နယ် ကြို့ပင်ကျေးရွာတွင် ဖွားမြင်သည်။ အဖမှာ ဦးဖိုးဆယ်ဖြစ်ပြီး အမိမှာ ဒေါ်လှရင်ဖြစ်သည်။ ဆရာသော်တာဆွေ၏ ထင်ရှားသောဝတ္ထုများမှာ ရန်အောင်ရတနာ၊ ချစ်ပန်းနှစ်ခိုင်၊ ဘွန်ဘွေကြက်သူခိုး၊ အမြုတေရတနာ၊ မြန်မာပြည်၏ ပြယုဂ်များ၊ ဘဝထိုထို၊ သည်မောင့်လက်သံ ဒေါင်ဒေါင်လန်၊ ပုဂံသူရဲကောင်းများ၊ လမ်းဆုံးနှင့် လမ်းဆုံတို့ဖြစ်သည်။

**ကိုးကား**

– မလိခ၏ မြန်မာဝတ္ထုအညွှန်း

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၈၂၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၆၈၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၁၂၃၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၈၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲမျိုးစုံဧက ၅၀၀၀၀ ကျော်စိုက်ဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၄၁၂ ဧက၊ ပဲတီစိမ်း ၁၉၅၁၄ ဧက၊ ပဲလွမ်း ဧက ၈၅၀၊ ပဲစင်းငုံ ၁၆၀၅၂ ဧက စုစုပေါင်း ၃၆၈၂၈ ဧကဖြစ်ကြောင်း၊ ပဲမျိုးစုံ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် မတ်ပဲ ၁၂၆၄ ဧက၊ ပဲတီစိမ်း ၂၆၈၉၄ ဧက၊ ထောပတ်ပဲ ၄၆၃ ဧက၊ စွန်တာပြာ ၁၄၆၅ ဧက၊ ပဲလွမ်း ၁၄၄၅ ဧက၊ ပဲစင်းငုံ ၁၉၃၆၁ ဧက၊ ပဲကြီး ၃၄၁ ဧက စုစုပေါင်း ၅၁၂၃၃ ဧကဖြစ်ကြောင်းသိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ကြာအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကြာအင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စင်မြင့်ရေစင် တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ကြာအင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၃၈၅ သန်းအသုံးပြုပြီး အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို Noble Proactive Construction ကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **ဇီဝဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့** တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့** တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) နေပြည်တော် **အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။**

(ခ) မြစ်ကြီးနားမြို့ **တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။**

(ဂ) လားရှိုးမြို့ **တိုင်းစစ်ဌာနချုပ်ခန်းမ။**

(ဃ) တောင်ကြီးမြို့ **တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။**

(င) ခိုလမ်မြို့ **တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။**

(စ) ကျိုင်းတုံမြို့ **တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။**

(ဆ) မော်လမြိုင်မြို့ **တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။**

(ဇ) မြိတ်မြို့ **တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။**

(ဈ) ရန်ကုန်မြို့ **တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။**

(ည) ပုသိမ်မြို့ **တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။**

(ဋ) အမ်းမြို့ **တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။**

(ဌ) မုံရွာမြို့ **အထက(၂)၊ အလုံတပ်မြို့။**

(ဍ) မန္တလေးမြို့ **တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။**

(ဎ) တောင်ငူမြို့ **တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။**

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal (www.myawady.net.mm/cadets)** နှင့် **Myanmar National Portal (www.myanmar.gov.mm/documents)** တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၂၈၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၂၈၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၅၃၅၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၆၂၈၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်အတွင်း မိုးစပါးဧက ၂၀၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ မိုးစပါးဧက ၆၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားပါမယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ မိုးစပါးအထွက်နှုန်းကောင်းဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် ယခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၆၁၄ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၄၄၀၉ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၀၈၆၃ ဧက စုစုပေါင်းမိုးစပါး ၆၂၈၈၆ ဧက တို့ဖြစ်ပြီး မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၈၂၀၀၀၊ တန့်ဆည်မြို့နယ်တွင် ၉၁၃၅၄ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ဧက ၁၂၂၀၀၀ စုစုပေါင်း မိုးစပါး ၂၉၅၃၅၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မိုးမိတ်မြို့နယ် ရွှေသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်ဆာကျေးရွာအုပ်စု ရွှေသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ်သိန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**


Fluoride ပါဝင်သောကြောင့် သွားများကို မြဲမြံခိုင်ခံ့စေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-1907 PC 0040
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
သဘာဝအစစ်မို့ အရသာရော စိတ်ရှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Black Tea
Tea Mix
ရွှေဖီဦး
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


လူငယ်များနှင့် စိတ်ကြွမှုးယစ်ဆေးများအန္တရာယ်
• ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမှုးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ လူငယ်များကိုဆွဲဆောင်နိုင်မည့် ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
• ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား သဘာဝကိုဆန့်ကျင်၍ များပြားစေကာ စိတ်ခံစားတက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။
• ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
WY ဆေးပြားများ
ICE စိတ်ကြွမှုးယစ်ဆေးတစ်မျိုး
• ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။
• ဒါ့အပြင် ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် အကျဉ်းထောင်ကျ၍ပြစ်ဒါဏ်ခံရခြင်းတို့ကို ဖြစ်ပွားစေပါတယ်။
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် မျက်စိသွေးကြောများရောင်ရမ်းနေပုံ
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သွားများပျက်စီးနေပုံ
လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်ခုံစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမှုးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ


အိုမီခရွန် (omicron) အပါအဝင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း
ရောဂါပိုးများကိုသတိပြုကာ မိမိကာဝ၍ ကာကွယ်ပါ
ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်မပျက်မကွက်ခံယူပါ
ကိုဗစ်-၁၉ရောဂါကို မိမိကာဝ၍ ဆက်လက်ကာကွယ်ပါ
ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ကာကွယ်ရေးနည်းလမ်းများကိုလိုက်နာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ -
ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ခြင်း၊
အခြားသူများကို ကာကွယ်နိုင်ခြင်း၊
အိုမီခရွန်အပါအဝင် မျိုးဗီဇပြောင်းပိုးများ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း၊
ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း၊
ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်ဝန်ပိမှုကို လျှော့ချနိုင်ခြင်း၊
"ကိုဗစ်-၁၉ ရပ်တန့်ဖို့ ရောဂါကာကွယ်ရေးနည်းလမ်းများကို အားလုံးဆက်လက်လိုက်နာလို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် **MSME** လုပ်ငန်းများတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို **Grade-10** မှ **Grade - 12** အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ် ...

❖ ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ် မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆


**Central Hotel**

*YANGON*

အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ

ပြင်ပအစည်းအဝေးပွဲများ

ကုန်ပစ္စည်းမိတ်ဆက်ပွဲများ

နှစ်ပတ်လည် အခမ်းအနားပွဲများအား

ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ

နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...